# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ စနေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း ဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**မဲစာရင်းမှန်ကန်ဖို့ မြန်မာအီလက်ထရောနစ် မဲပေးစနစ်အသုံးပြုစို့။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko အား ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို၊ တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko တို့ ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံသို့တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိလာသော ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko အား ယနေ့နံနက်ပိုင်းတွင် သမ္မတအိမ်တော်၊ ဆင်ဖြူတော်ဆောင် ဧည့်ခန်းမ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတလိုက်ပါလာသည့် အထူးယာဉ်တန်းသည် နိုင်ငံတော်သမ္မတအိမ်တော်သို့ ဂုဏ်ပြုမြင်းစီးတပ်ဖွဲ့၏ ဦးဆောင်ကြိုဆိုမှုဖြင့် ရောက်ရှိလာရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် ဂုဏ်ပြုခံစင်မြင့်၌နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြသည်။ ထိုသို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူနေချိန်တွင် ဂုဏ်ပြုအမြောက်တပ်ဖွဲ့မှလည်း အမြောက် ၂၁ ချက်ကို စစ်ရေးပြ အခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်သည်။ **စာမျက်နှာ ၁၆ ကော်လံ ၃** ★

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်)

# နှစ်နိုင်ငံအကျိုးစီးပွားခိုင်မာဖြစ်ထွန်းရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့တရားဝင်ချစ်ကြည်ရေးခရီးလာရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာအလက်ဇန္ဒားလူကာရှန်ကို ဦးဆောင်သောအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့လိုက်ပါလာသောအထူးလေယာဉ်သည် နိုဝင်ဘာလ ၂၇ ရက်ညပိုင်းတွင် မြန်မာနိုင်ငံလေပိုင်နက်အတွင်းသို့စတင်ဝင်ရောက်လာရာ မြန်မာ့တပ်မတော်(လေ)မှ စတုတ္ထမျိုးဆက်လွန် Su-30 SME ဘက်စုံသုံးအကြီးစားဂျက်တိုက်လေယာဉ်သုံးစင်းကလိုက်ပါခြံရံပြီး ပျံသန်းကြိုဆိုသည့်မြင်ကွင်းများ၊ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ကော်ဇောနီလျှောက်လမ်းတစ်လျှောက်အလေးပြုကြိုဆိုသည့်မြင်ကွင်းများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်အကအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကအလှတို့ဖြင့် ကြိုဆိုကပြဖျော်ဖြေကြသည့်မြင်ကွင်းများ၊ ကျောင်းသား၊ ကျောင်းသူများက နှစ်နိုင်ငံအလံများဝှေ့ယမ်းကာ "ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး ကျန်းမာပါစေ၊ နှစ်နိုင်ငံချစ်ကြည်ရေးအဓွန့်ရှည်ပါစေ"ဟူသော ကြွေးကြော်သံများ၊ လမ်းဘေးဝဲ၊ ယာတစ်လျှောက်နှစ်နိုင်ငံအထိမ်းအမှတ်အလံများစိုက်ထူခြင်း၊ ရောင်စုံမီးအလှဆင်ထားရှိခြင်း၊ "ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ အလက်ဇန္ဒားလူကာရှန်ကိုအား မြန်မာနိုင်ငံမှလှိုက်လှဲစွာကြိုဆိုပါ၏"ဟုရေးသားဖော်ပြကြိုဆိုထားသည့် LED ပိုစတာကြီးများစိုက်ထူခြင်းမြင်ကွင်းများမှာ ဧည့်သည်တော်သမ္မတကြီးနှင့်အဖွဲ့အားဧည့်ဝတ်ကျေပွန်စွာကြိုဆိုခြင်းဖြစ်သည်။

ဘယ်လာရုစ်သမ္မတနိုင်ငံနှင့်မြန်မာနိုင်ငံသည် သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ပြီး အပြန်အလှန်ယုံကြည်မှုနှင့်နားလည်မှုကိုအခိုင်အမာတည်ဆောက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ လက်ရှိတွင်လည်း နှစ်နိုင်ငံအကြားပြည်သူအချင်းချင်းဆက်ဆံရေး၊ စီးပွားရေးလုပ်ငန်းအချင်းချင်းဆက်ဆံရေး၊ အစိုးရဌာနအချင်းချင်းဆက်ဆံရေးတို့ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုသည်ပိုမိုခိုင်မာလာသည်။ အထူးသဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆက်နွှယ်မှုမှတစ်ဆင့် နှစ်ဦးနှစ်ဖက် ဘုံတူညီသည့် အနာဂတ်ကို လျှောက်လှမ်းနိုင်ရန် စတင်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံသို့လာရောက်ခြင်းအတွက် မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကဝမ်းမြောက်ဝမ်းသာကြိုဆိုကြခြင်းဖြစ်သည်။ ယခုခရီးစဉ်သည် နှစ်နိုင်ငံသံတမန်ဆက်ဆံမှု ၂၆ နှစ်တာကာလအတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတစ်ဦး၏ ပထမဆုံးသမိုင်းဝင်ချစ်ကြည်ရေးခရီးစဉ်ဖြစ်သည်။ ချစ်ကြည်ရေးခရီးရောက်ရှိနေစဉ်အတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြားချစ်ကြည်ရေးကဏ္ဍနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအားတွေ့ဆုံဆွေးနွေးခြင်းဖြင့် နှစ်နိုင်ငံအကြားနားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုကဲ့သို့ ချစ်ကြည်ရေးခရီးလာရောက်ခြင်းဖြင့် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများမြှင့်တင်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာများအပြန်အလှန်ဖလှယ်နိုင်ခြင်း၊ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုနည်းပညာများအပြန်အလှန်ဖလှယ်နိုင်ခြင်းနှင့် နှစ်နိုင်ငံအကြားနယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်လမ်းပန်းဆက်သွယ်ရေးအတွက် ကောင်းမွန်သည့်ရေ၊ မြေ၊ ရာသီဥတုကို ပိုင်ဆိုင်ထားသည့် နိုင်ငံလည်းဖြစ်သည်။ ကမ္ဘာတွင်ဆန်တင်ပို့မှု ထိပ်တန်းနိုင်ငံများတွင် အပါအဝင်ဖြစ်သလို ပဲတင်ပို့မှုတွင် ဒုတိယအမြင့်ဆုံးနိုင်ငံလည်းဖြစ်သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများလုပ်ရန် မြေပမာဏများစွာပိုင်ဆိုင်ထားသည့်အလျောက် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးနှင့်လုံခြုံရေးအတွက်ပံ့ပိုးနိုင်သည့် နိုင်ငံဖြစ်လာစေရန်အတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ဘယ်လာရုစ်သမ္မတနိုင်ငံ၏ ခေတ်မီစိုက်ပျိုးရေးနှင့်မွေးမြူရေးနည်းစနစ်များ၊ ယန္တရားများအထောက်အကူစနစ်များနှင့် လက်တွေ့ပေါင်းစပ်ကျင့်သုံးမည်ဆိုပါက နှစ်နိုင်ငံအကျိုးရလဒ်ခံစားရမည်ဟု ယုံကြည်ပါသည်။

ယခုချစ်ကြည်ရေးခရီးစဉ်သည် နိုင်ငံတော်နှင့်ပြည်သူအတွက် များစွာအကျိုးရှိမည်ကိုတွေ့ရသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့်ဆောင်ရွက်ချက်များဆောင်ရွက်နိုင်မည်ဟု ယုံကြည်မိသည်။ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်မှာ နှစ်နိုင်ငံစလုံးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည့် ခရီးစဉ်ဖြစ်ပေရာ နှစ်နိုင်ငံအကျိုးစီးပွားခိုင်မာဖြစ်ထွန်းရေးအကောင်အထည်ပေါ်လာတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၂၉

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# ကော့ကရိတ်မြို့၌ မဲဆန္ဒရှင်အမည်စာရင်းကွင်းဆင်းကောက်ယူ

ကော့ကရိတ် နိုဝင်ဘာ ၂၈

၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်နိုင်ရေးအတွက် မဲဆန္ဒရှင် အမည်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာပေးလျက်ရှိရာ မိမိအမည်မဲစာရင်းတွင် ပါ၊ မပါအားသိရှိနိုင်ရန်အတွက် နိုဝင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် ကော့ကရိတ်မြို့ ရပ်ကွက်/ကျေးရွာအုပ်စု၌ ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဆောင်ရွက်ကြသည်။

အဆိုပါမြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ကော့ကရိတ်မြို့ပေါ်ရှိ ရပ်ကွက်ခုနစ်ရပ်ကွက်တို့၌ ဒုတိယအကြိမ်မဲစာရင်းများကပ်ထားကြေညာမှုကို ပြည်သူများလာရောက်ကြည့်ရှုမှုအပြင် အိမ်တိုင်ရာရောက် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မိမိရပ်ကွက်အတွင်းနေထိုင်သည့် အိမ်ထောင်စုအလိုက် မဲစာရင်းပါ၊ မပါ တိုက်ဆိုင်စစ်ဆေးစာရင်းကောက်ယူနေမှုကို လိုက်လံကြည့်ရှုဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူများအနေဖြင့် မိမိတို့နေထိုင်ရာဒေသတွင် ပုံစံ(၆၆/၆) ရှိပြီး မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ(၄)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာပုံစံ(၄-က)ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်ရက်မှစ၍ ၁၄ ရက် အတွင်း သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ သတ်မှတ်ပုံစံများဖြင့် လျှောက်ထားနိုင်ကြောင်း သိရသည်။

(၄၀၆)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၁-၂၀၂၅(စနေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၀၀ မေတ္တာပို့
၃။ ၀၇:၁၀ ဓမ္မပူဇာတေး
၄။ ၀၇:၂၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၅။ ၀၈:၁၀ မွေးမြူသုတ
၆။ ၀၈:၂၀ မောင်မယ်လေးများသိစေချင်
၇။ ၀၉:၂၀ လူတိုင်းကျန်းမာသိမှတ်စရာ
၈။ ၁၀:၃၀ စာပေနှင့်အနုပညာသတင်း
၉။ ၁၀:၄၅ လူသားတို့နှင့်ဆိုက်ဘာအန္တရာယ်
၁၀။ ၁၂:၃၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၁၁။ ၁၃:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၁၂။ ၁၄:၀၀ အိုဘယ့်သခင်တေးနုယဉ်
၁၃။ ၁၅:၀၀ ခရီးလည်းသွားစကားလည်းဆို
၁၄။ ၁၈:၂၀ **ပြည်သူ့ကြားကပြည်သူ့စကား**
၁၅။ ၁၈:၃၀ **ရုပ်မြင်သံကြားဇာတ်လမ်း ခေတ်သမိုင်းကိုဒုန်းစိုင်းမည့်သူများ သရုပ်ဆောင် နေတိုး၊ မြင့်မြတ်၊ ခြူးလေး**
၁၆။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**
၁၇။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သိပ္ပံပွဲတော် ၂၀၂၅ စတုတ္ထနေ့ ဆက်လက်ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းအေဂျင်စီ (ROSA-TOM)နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၅ စတုတ္ထနေ့ကို ယနေ့တွင် ရန်ကုန်မြို့ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့တွင် ဆက်လက်ကျင်းပသည်။

သိပ္ပံပွဲတော်သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျ၊ အဏုမြူစွမ်းအင်ဦးစီးဌာနနှင့် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ရုရှားနိုင်ငံ ROSATOM နှင့် ရုရှားတက္ကသိုလ်များမှ တာဝန်ရှိသူများက တက်ရောက်အားပေးကြသည်။

Nuclear Quest ကို နံနက် ၉ နာရီတွင် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာတွင်ကျင်းပရာ အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၃၅၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် Sustainable Development and Environmental Benefits of SMR ခေါင်းစဉ်ဖြင့် ဟောပြောပွဲတွင် ရုရှားနိုင်ငံ Obninsk Institute for Nuclear Power Engineering, National Research Nuclear University (MEPhI)မှ နျူကလီးယားရူပဗေဒနှင့် အင်ဂျင်နီယာဌာန ဒုတိယဌာနမှူး Dr. Alexender Nakhebov က ဟောပြောပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်စွက်ဆွေးနွေးသည်။

အလားတူ နံနက်ပိုင်းတွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ အနာဂတ်နည်းပညာ-တီထွင်ဆန်းသစ်မှုအကြောင်း စကားဝိုင်းဆွေးနွေးပွဲကျင်းပရာ ရန်ကုန်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ်(တာဝန်) ဒေါက်တာလှမျိုးထွန်း၊ အဏုမြူစွမ်းအင်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်မိုးနှင့် ရုရှားနိုင်ငံ Obninsk Institute for Nuclear Power Engineering, National Research Nuclear University (MEPhI) မှ တွဲဖက်ပါမောက္ခ Dr. Fomin Roman တို့က ဟောပြောဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ HackAtom ပြိုင်ပွဲ ဒုတိယနေ့အစီအစဉ်အရ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးစီပါဝင်သော အသင်း ၁၀ သင်းတို့က အသေးစားနျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်၍ဒေသတွင်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုဆိုင်ရာ စိတ်ကူးသစ်များ၊ အချက်အလက်များဖြင့် ကွန်ပျူတာ Software Application များ၊ Websites များကို 4D proposal ဖြင့် ဖန်တီးထားမှုများကို ရှင်းလင်းတင်ပြကြရာ ရုရှား-မြန်မာ ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် ဒိုင်အဖွဲ့က မေးခွန်းများကိုမေးမြန်းကြပြီး အကဲဖြတ်အမှတ်များပေးကြသည်။ ဆက်လက်၍ HackAtom ပြိုင်ပွဲ ဆုပေးပွဲကို ကျင်းပရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ညနေပိုင်းတွင် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာတွင် Nuclear Quest ကို ကျင်းပရာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ၅၀ ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ "The Energy of the Future-Time Capsule"အစီအစဉ်ကို ကျင်းပရာ ဒုတိယဝန်ကြီး၊ အဏုမြူစွမ်းအင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရုရှားနိုင်ငံ ROSATOM မှ တာဝန်ရှိသူများတက်ရောက်ကြပြီး ယခုနှစ် သိပ္ပံပွဲတော်၏အစီအစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းအေဂျင်စီ (ROSA-TOM) နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော်များကို ၂၀၂၃ ခုနှစ်ကစတင်ကျင်းပခဲ့ပြီး ယခုနှစ်၌ တတိယအကြိမ်မြောက်အဖြစ် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကာ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရေး ပူးတွဲကြေညာချက်လက်မှတ်ရေးထိုးခဲ့သည့်(၂၅)နှစ်ပြည့်နှင့် ရုရှားနိုင်ငံတွင် Nuclear Industry တည်ထောင်သည့်လုပ်ငန်း နှစ် (၈၀)ပြည့် အထိမ်းအမှတ်တို့နှင့် ထူးခြားစွာတိုက်ဆိုင်လျက်ရှိပြီး နေပြည်တော်တွင် နှစ်ရက်၊ ရန်ကုန်တွင်နှစ်ရက် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကာ နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာ၊ ဗဟုသုတ၊ အတွေးအမြင်ဖြန့်ဝေမှုများ ပိုမို၍ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်မြှင့်တင်ဖြန့်ဝေနိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ဆိုင်ကလုန်းမုန်တိုင်း"ဒစ်ဝါ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ

နေပြည်တော် နိုဝင်ဘာ ၂၈

**ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" (DITWAH)အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"(DITWAH)သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့ (Tricomalee)အနီးကို ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့(Coco Island)၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၈၀၅ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့(Puducherry)၏ တောင်-အရှေ့တောင်ဘက်ရေမိုင် ၂၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း"ဒစ်ဝါ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

၂၈-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ (DITWAH)" လမ်းကြောင်းပြမြေပုံ







**ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့်လေတိုက်နှုန်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" သည် ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီတွဒ် ၈ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၈၁ ဒသမ ၀ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး သီရိလင်္ကာနိုင်ငံ အရှေ့ပိုင်းကမ်းခြေဒေသများနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်ကာ အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" ၏အရှိန်ကြောင့် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" ၏အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်းအားလျော့သွားနိုင်

နေပြည်တော် နိုဝင်ဘာ ၂၈

ယနေ့နံနက် ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ မလက္ကာရေလက်ကြားတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်(Depression)သည် အရှေ့ဘက်သို့ရွေ့လျားခဲ့ပြီး မလေးရှားနိုင်ငံပေါ်တွင် အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် နောက် ၁၂ နာရီအတွင်း အရှေ့ဘက်သို့ဆက်လက်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၆၇ ဦးနှင့် အမျိုးသမီး ၁၆ ဦး၊ ပေါင်း ၈၃ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၆၇ ဦးနှင့် အမျိုးသမီး ၁၆ ဦး၊ ပေါင်း ၈၃ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင်ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအတွက် ဆုကြေးငွေပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်ထံ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါလာသည့်လက်နက်၊ ခဲယမ်းကို အပ်နှံစဉ်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင်အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်မှအမျိုးသား(၅)ဦး၊အမျိုးသမီး(၂)ဦး၊ ချမ်းမြသာစည်မြို့နယ်မှ အမျိုးသား(၄)ဦး၊ အောင်မြေသာစံမြို့နယ်မှအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပုသိမ်ကြီးမြို့နယ်မှအမျိုးသား(၁)ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား(၂၃)ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား(၆)ဦး၊ အမျိုးသမီး(၇)ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား(၁)ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား(၁၁)ဦး၊ အမျိုးသမီး(၄)ဦး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသား(၃)ဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား(၄)ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား(၁)ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား(၁)ဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား(၆)ဦး၊ အမျိုးသမီး(၂)ဦး၊ စုစုပေါင်း အမျိုးသား (၆၇)ဦးနှင့်အမျိုးသမီး (၁၆)ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌လည်းကောင်း၊ မတ္တရာမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း အသီးသီးပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် ၁၀ လက်၊ ပစ္စတို ၁ လက်၊ လက်လုပ်သေနတ် ၃ လက်၊ လက်ပစ်ဗုံးနှင့်လက်လုပ်မိုင်း ၆ လုံး၊ ကျည်အိမ် ၁၈ ခု၊ ကျည် ၇၅၉ တောင့်တို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၁ လက်နှုန်းအတွက် ဆုကြေးငွေသိန်း ၅၀ နှုန်းဖြင့် ၁၀ လက်အတွက် ငွေကျပ်သိန်း ၅၀၀၊ ပစ္စတိုသေနတ်တစ်လက်အတွက်ဆုကြေးငွေ ကျပ်သိန်း ၂၀၊ လက်လုပ်သေနတ် တစ်လက်နှုန်းအတွက် ဆုကြေးငွေ ၅ သိန်းနှုန်းဖြင့် သေနတ် ၃ လက်အတွက် ငွေကျပ် ၁၅ သိန်း၊ လက်ပစ်ဗုံးနှင့်လက်လုပ်မိုင်းတစ်လုံးစီအတွက် ဆုကြေးငွေကျပ် ၃ သိန်းနှုန်းဖြင့် လက်ပစ်ဗုံးနှင့် လက်လုပ်မိုင်း ၆ လုံးအတွက် ငွေကျပ် ၁၈ သိန်းနှင့် အလင်းဝင်လာသူအားလုံးအတွက် တစ်ဦးလျှင် ငွေကျပ် (၅၀၀၀၀) နှုန်းဖြင့် လူ ၈၃ ဦးအတွက် ဆုကြေးငွေကျပ် ၄၁၅၀၀၀၀ ကျပ်၊ စုစုပေါင်းငွေကျပ် ၅၉၄၅၀၀၀၀ ကျပ်နှင့် ထောက်ပံ့ပစ္စည်းများကို ပြန်လည်ထောက်ပံ့ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများမှ အပ်နှံထားသော လက်နက်ခဲယမ်းများအား ကြည့်ရှုစစ်ဆေး၍ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်တော့်အသက်က ၁၆ နှစ်ပါ။ ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းထဲကို ဘယ်လိုရောက်သွားလဲဆိုတော့ ကျွန်တော့်အစ်ကိုက အလုပ်လုပ်ဖို့ဆိုပြီးတော့ လိမ်ခေါ်လို့ရောက်ခဲ့ရတာပါ။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ရောက်သွားတဲ့အခါမှာ ကျွန်တော်အကြမ်းဖက်သင်တန်း ၃ လ တက်ခဲ့ရပါတယ်။ သင်တန်းကာလမှာ TNLA ပလောင်တွေက ကျွန်တော်တို့ကို သင်တန်းပို့ချပေးပါတယ်။ ပလောင်တွေ အုပ်ချုပ်တော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေကို လူမျိုးရေးခွဲခြားတာတွေ၊ ဖိနှိပ်တာတွေ၊ ရိုက်နှက်တာတွေ အမြဲတမ်းပြုလုပ်ပါတယ်။ အစားအသောက်ဆိုလည်း ကောင်းကောင်းမွန်မွန်မကျွေးပါဘူး။ လူမျိုးရေးခွဲခြားဆက်ဆံတာတွေ၊ ကျွန်တော်တို့ အရမ်းမုန်းပါတယ်။ ဒါပေမဲ့လည်း သတ်ပစ်ခံရမှာကြောက်လို့ ကျွန်တော်တို့ ငြိမ်ခံခဲ့ရပါတယ်။ အစ်ကိုနဲ့ ချိတ်ဆက်မိတယ်။ အစ်ကိုက အလင်းဝင်သွားပြီဆိုတော့ ကျွန်တော်နဲ့အစ်ကို အဆက်အသွယ်လုပ်ပြီးတော့ တပ်မတော်ဘက်ကို အလင်းဝင်လာတယ်။ TNLA အကြမ်းဖက်အဖွဲ့က ပြောသလိုမျိုး တပ်မတော်ဘက်ရောက်ရင် မင်းတို့ကို သတ်ပစ်မှာတို့၊ နှိပ်စက်မှာတို့၊ ရိုက်နှက်မှာတို့ဆိုတာ လုံးဝမရှိပါဘူး။ တပ်မတော်ဘက်ကို အလင်းဝင်လာတော့ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးကြိုဆိုတယ်။ လိုလေသေးမရှိအောင်ထားတယ်။ တစ်နေ့ ထမင်းသုံးနပ် ပုံမှန်ကျွေးတယ်။ မိသားစုတွေလည်း အတူတူနေလို့ရအောင်



စီစဉ်ပေးတယ်။ အလုပ်အကိုင်တွေလည်း ရအောင် စီစဉ်ပေးတယ်။ တောထဲမှာကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေလည်း တပ်မတော်ဘက်ကို အမြန်ဆုံးအလင်းဝင်ရောက်ဖို့ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တဲ့ ဒေသက ပြည်သူလူထုဆီကနေပြီးတော့ ပစ္စည်းများခိုးယူသုံးစွဲခဲ့သည်ရှိသော် ကျွန်တော် ဒီနေရာကပဲ အနူးအညွတ် တောင်းပန်လိုက်ပါတယ်။ နောက်နောင် ဒီလိုအကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ မပတ်သက်တော့ကြောင်းလည်း ဒီကနေပြီးတော့ ကတိသစ္စာပေးအပ်လိုက်ပါတယ်"ဟုပြောသည်။

"အသက်က ၁၇ နှစ်ပါ။ MDY PDF အကြမ်းဖက်အဖွဲ့အစည်းထဲကို မရောက်ခင်တုန်းကတော့ သမီးကျောင်းတက်နေပါတယ်။ MDY PDF အကြမ်းဖက်အဖွဲ့အစည်းထဲကို ဘာလို့ရောက်သွားလဲဆိုတော့ သမီးအိမ်က အလုပ်အကိုင်အဆင်မပြေလို့ ဆိုပြီးတော့ သမီးအလုပ်ထွက်လုပ်မယ် ဆိုပြီးတော့ အိမ်ကနေ ထွက်ခဲ့ပါတယ်။ လမ်းမှာ အစ်ကိုတစ်ယောက်နဲ့တွေ့တယ်။ အဲ့အစ်ကိုက သူ့ဆီမှာ အလုပ်လုပ်ရင် တစ်လကို ၅ သိန်း၊ ၆ သိန်းလောက်ရမယ်လို့ သမီးကို ပြောတယ်။ နေရိပ်ထဲမှာပဲ ကွန်ပျူတာတစ်လုံးနဲ့လုပ်ရမယ်လို့ပြောတယ်။ အဲ့ဒီမှာ သမီး အဲ့ဒီအစ်ကိုနဲ့လိုက်သွားတယ်။ အဲ့ဒီအစ်ကိုက သမီးကို ၄က်ပျောတောထဲမှာ ၅ ရက်လောက်ထားတယ်။ အဲ့မှာ သူက MDY PDF အကြမ်းဖက်အဖွဲ့အစည်းထဲက ရဲဘော်တစ်ယောက်ဆိုတာ သမီးသိခဲ့ရတယ်။ ၅ ရက်လောက်နေပြီးတော့ ယောကျ်ားလေး ၄၆ ယောက်၊ မိန်းကလေး ၅ ယောက်စုပြီးတော့ R2 လူသစ်စုဆောင်းရေးမှာ သင်တန်းတက်ရောက်ဖို့ဆိုပြီးတော့ သမီးတို့ကို ထားခဲ့တယ်၊၊ PDF နည်းပြတွေက မိန်းကလေးတွေကို ထိကပါးရိကပါးတွေလည်း အမြဲလုပ်တယ်၊၊ အဲ့မှာ သမီးက ထွက်ပြေးဖို့ကြံစည်ခဲ့ပါတယ်၊၊ ကြံစည်တာကို သူတို့သိသွားတော့ သမီးကို ခြိမ်းခြောက်ပါတယ်။ ငါတို့ဖမ်းမိရင် နင့်ကို ဘာမှလုပ်မှာမဟုတ်ဘူး။ တပ်မတော်ဘက်ကသာ နင့်ကိုဖမ်းမိသွားရင် ရိုက်နှက်တာတွေ၊ နှိပ်စက်တာတွေ၊ မုဒိမ်းကျင့်ပြီး သတ်မှာလို့ပြောပြီး ခြိမ်းခြောက်ပါတယ်။ အဲ့ဒါနဲ့ သမီးလည်းကြောက်ပြီး ဘာမှမလုပ်ရဲဘဲ နေနေရတယ်။ ပြီးတော့ သမီးထက်အရင်အလင်းဝင်သွားတဲ့ အစ်မနဲ့ အဆက်အသွယ်ရခဲ့တယ်။ အဲ့ဒီအစ်မကို သမီးက ဒီမှာမနေချင်တော့ဘူးလို့ပြောတော့ အစ်မက သူ့ဆီလာခဲ့လို့ခေါ်တယ်။ အဲ့ဒါနဲ့ သမီးသူ့ဆီကို လိုက်သွားတယ်။ ဒီက တာဝန်ရှိလူကြီးတွေက သမီးကို



နွေးနွေးထွေးထွေးကြိုဆိုတယ်။ ကောင်းကောင်းမွန်မွန်ဆက်ဆံတယ်။ PDF နည်းပြတွေ သမီးကို မှိုင်းသွင်းထားသလို တပ်မတော်ဘက်က ရိုက်တာ၊ နှိပ်စက်တာတွေ ဘာမှမလုပ်ပါဘူး။ သမီးကို အိမ်ပြန်ဖို့အတွက်လည်း စီစဉ်ပေးနေတယ်။ သမီးမိဘတွေနဲ့လည်းတွေ့ရတော့မှာပါ။ သမီးအိမ်ပြန်ရောက်ရင် ကျောင်းဆက်တက်မယ်။ မိဘကို ကောင်းကောင်းမွန်မွန်ပြုစုမယ်။ သမီးမိသားစုနဲ့ တိုင်းပြည်အတွက် အလုပ်ကြိုးစားလုပ်မှာပါ။ ပြီးတော့ တောထဲမှာကျန်ခဲ့တဲ့ သမီးရဲ့ ညီအစ်ကိုမောင်နှမအားလုံးကိုလည်း MDY PDF အကြမ်းဖက်အဖွဲ့အစည်းရဲ့ မကောင်းတဲ့ လုပ်ရပ်တွေကိုစွန့်လွှတ်ပြီးတော့ သမီးတို့နဲ့ လာရောက်ပူးပေါင်းပါ။ တပ်မတော်ထံ လာရောက်အလင်းဝင်ပါလို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။ (၁၀၀)

# ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Aleksandr Lukashenko နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထား သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုကြသည်။





ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြစဉ်။

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်



ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်ခြင်း သမိုင်းမှတ်တမ်းနှင့်မာရဝိဇယဗုဒ္ဓဥယျာဉ်တော်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှု သမိုင်းမှတ်တမ်းတို့ကို ရှင်းလင်းပြောကြားစဉ်။



ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။

အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌတို့ သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သို့ရောက်ရှိကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးသန်းဆွေ၊ ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်၊ ဦးကိုကို လွင်၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်၊ မာရဝိဇယဂေါပကအဖွဲ့များနှင့် တာဝန်ရှိသူများကကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ကြီး၏ အောင်မြေနေရာတွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဂန္ဓကုဋီတိုက်သို့သွား ရောက်ကြည့်ရှုလေ့လာကြရာ ဂန္ဓကုဋီတိုက် အဆောင်အမှတ်(၂)တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ် ခြင်းသမိုင်းမှတ်တမ်းနှင့် မာရဝိဇယဗုဒ္ဓ ဥယျာဉ်တော်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုသမိုင်းမှတ်တမ်းတို့ကိုရှင်းလင်း ပြောကြားသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တို့သည် သဒ္ဓါဓိပတိခေါင်းလောင်းတော် ထိုး၍ ကုသိုလ်ပြုကြသည်။

ဆက်လက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး အာရုံခံတန်ဆောင်းမှန် ဆောင်၌ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ် ရေးထိုးသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ကြီးသမိုင်းမှတ်တမ်းစာအုပ် (အင်္ဂလိပ်၊ မြန်မာ)နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ ခရီးစဉ်ဆိုင်ရာမှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတို့ကို ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတထံ ပေးအပ်သည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ် ရာ ဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်တော်အတွင်း မှ ပြန်လည်ထွက်ခွာရာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်၊ မာရဝိဇယဂေါပကအဖွဲ့ များနှင့်တာဝန်ရှိသူများက ရင်းနှီးနွေးထွေး စွာပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ (၁၀၀)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Aleksandr Lukashenko တို့က မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ရှင်းလင်းပြောကြား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Aleksandr Lukashenko တို့က မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ရှင်းလင်းပြောကြားစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

အဆွေတော် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr. Aleksandr Lukashenko နဲ့ နှစ်ဖက်က ကိုယ်စားလှယ်များ၊ မီဒီယာများအားလုံးပဲ မင်္ဂလာပါ။ မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့ဟာ အရေးပါတဲ့ မိတ်ဆွေရင်း၊ မိတ်ဆွေစစ်နိုင်ငံတွေဖြစ်ပြီး ဘယ်လာရုစ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ယုံကြည်စိတ်ချရဆုံးသောနိုင်ငံဖြစ်သလို မြန်မာနိုင်ငံဟာလည်း ဘယ်လာရုစ်ရဲ့ ယုံကြည်စိတ်ချရဆုံးနိုင်ငံဖြစ်စေရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံအကြားမှာ ၁၉၉၉ ခုနှစ်မှာ စတင်ထူထောင်ခဲ့တဲ့ သံတမန်ဆက်ဆံရေးဟာ ယခုနှစ်မှာ (၂၆)နှစ်ပြည့်ခဲ့ပြီးဖြစ်ပါတယ်။ ဒီ (၂၆) နှစ်တာကာလအတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်ရေးဟာ ပိုမိုခိုင်မာနက်ရှိုင်းလာခဲ့ပါတယ်။ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြားမှာ သံတမန်ဆက်ဆံရေးထူထောင်ပြီးတဲ့နောက် ဘယ်လာရုစ်နိုင်ငံမှ နိုင်ငံတော်အကြီးအကဲ မြန်မာနိုင်ငံကို ပထမဦးဆုံးအကြိမ်လာရောက်တဲ့ ခရီးစဉ်ဖြစ်တဲ့အတွက် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းမှာ မှတ်တမ်းတင်နိုင်တဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ အခုအချိန်မှာ နှစ်နိုင်ငံအကြားမှာ ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အနီးကပ်ဆုံးနဲ့ အမြင့်ဆုံးအဆင့်ကို ရောက်ရှိနေပြီဆိုတာ ပြောနိုင်ပါတယ်။ ဒီလိုအမြင့်ဆုံးရောက်ရှိနေတဲ့ နှစ်နိုင်ငံချစ်ကြည်ရေးမှတ်ကျောက်တင်တဲ့အနေနဲ့ သမ္မတကြီးရဲ့ခရီးစဉ်အတွင်းမှာပဲ နှစ်နိုင်ငံချစ်ကြည်ရေးသစ်ပင်ကို နေပြည်တော် ပရဆေးဥယျာဉ်မှာ ကံ့ကော်ပင်အမှတ်တရစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့နှစ်ယောက်တွေ့ဆုံပြီးတဲ့နောက်မှာ အရင်တွေ့ဆုံဆွေးနွေးချက်များနဲ့ သဘောတူညီချက်များ အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်ဖို့၊ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဖို့ ကဏ္ဍများစွာ၊ အထူးသဖြင့် ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး၊ အားကစားနဲ့ ခရီးသွားကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်သွားမယ့် အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံအကြားမှာ သံတမန်ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာစေဖို့နဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ယဉ်ကျေးမှု စတဲ့ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မယ့် အားတွေကောင်းလာစေဖို့အတွက် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့မှာရှိတဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကိုလည်း သံရုံးအဆင့်သို့ တိုးမြှင့်သွားဖို့နဲ့ ဘယ်လာရုစ်နိုင်ငံရဲ့ ကိုယ်စားလှယ်ရုံးကိုလည်း မြန်မာနိုင်ငံမှာ ဖွင့်လှစ်သွားဖို့လည်း သဘောတူညီခဲ့ပြီဖြစ်ပါတယ်။ မနေ့က ရန်ကုန်မြို့မှာ နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်တွေအကြားမှာ တတိယအကြိမ် စီးပွားရေးဆိုင်ရာဖိုရမ်ကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ပြီး ရလဒ်ကောင်းတွေရရှိခဲ့တာကိုလည်း များစွာဝမ်းမြောက်ကျေနပ်မိပါတယ်။ သမ္မတကြီးနဲ့ နှစ်ဖက်ကိုယ်စားလှယ်များနဲ့ မီဒီယာအဖွဲ့ဝင်များခင်ဗျာ- မြန်မာနိုင်ငံဟာ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီး နှစ်နိုင်ငံအကြားမှာ တည်ရှိတဲ့နိုင်ငံဖြစ်တဲ့အတွက် ပတ်ဝန်းကျင်မှာ ကြီးမားတဲ့ဈေးကွက်ကြီးရှိတဲ့အပြင် သယံဇာတပေါကြွယ်ဝတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းတွေ ဆောင်ရွက်ဖို့ မြေနေရာများစွာရှိပြီး မိုင်ပေါင်း ၁၃၀၀ ကျော်ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းလည်းရှိပါတယ်။ ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကောင်းတွေရှိတဲ့ မြန်မာနိုင်ငံမှာ ဘယ်လာရုစ်နိုင်ငံက နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်တွေကို မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့လည်း ကျွန်တော် ဖိတ်ခေါ်ပါတယ်။ သမ္မတကြီးနဲ့ နှစ်ဖက်ကိုယ်စားလှယ်များနဲ့ မီဒီယာအဖွဲ့ဝင်များခင်ဗျာ- ဘယ်လာရုစ်နိုင်ငံအနေနဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာမျက်နှာစာတွေပေါ်မှာ မြန်မာနိုင်ငံအပေါ် အစဉ်အမြဲရပ်တည်ထောက်ခံပေးခဲ့တဲ့အတွက် အထူးကျေးဇူးတင်ရှိကြောင်း အလေးအနက် ပြောကြားလိုပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံက နိုင်ငံ့အခြေအနေနဲ့ကိုက်ညီတဲ့ နိုင်ငံရေးလမ်းကြောင်းနှင့်အညီ လျှောက်လှမ်းနေတဲ့အပေါ် ဘယ်လာရုစ်နိုင်ငံက အစဉ်တစိုက်ရပ်တည်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ လာမယ့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာကျင်းပမယ့် မြန်မာနိုင်ငံရဲ့အထွေထွေရွေးကောက်ပွဲနဲ့စပ်လျဉ်းပြီး လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်နေတဲ့အပြင် ပြီးခဲ့တဲ့ ၂၅ ရက်နေ့က အမေရိကန်နိုင်ငံ အမိမြေလုံခြုံရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့တဲ့ ယာယီခိုလှုံခွင့်ရုပ်သိမ်းတဲ့ မြန်မာနိုင်ငံသား ၄၀၀၀ ခန့်ကိုလည်း လက်ခံဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သူတို့မဲစာရင်းမှာ ပါလို့ရှိရင်လည်း မဲပေးခွင့်ရှိအောင် ဆောင်ရွက်ပေးပါမယ်။ အလားတူစွာပဲ အခြားအကြောင်းအမျိုးမျိုးနဲ့ ပြည်ပကို ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားများကိုလည်း ဒီမိုကရေစီရေးမှာ ငြိမ်းချမ်းစွာလက်တွဲဆောင်ရွက်နိုင်ဖို့ မြန်မာနိုင်ငံကို ပြန်လာဖို့ ကြိုဆိုကြောင်းလည်းပြောလိုပါတယ်။ ဘယ်လာရုစ်နိုင်ငံမှ စောင့်ကြည့်သူကိုယ်စားလှယ်အဖွဲ့ စေလွှတ်သွားမှာဖြစ်တဲ့အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်းလည်း ပြောလိုပါတယ်။ နောင်အနာဂတ်မှာလည်း ကျွန်တော်တို့ နှစ်နိုင်ငံအကြားမှာ နိုင်ငံတကာမျက်နှာစာမှာ နီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ထပ်လောင်းပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတွေကနေတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်စေဖို့အတွက် အဆွေတော်သမ္မတကြီးနဲ့ ဘယ်လာရုစ်နိုင်ငံပြည်သူများနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ထပ်လောင်းဆန္ဒပြုပါတယ်။ ကျေးဇူးတင်ပါတယ် သမ္မတကြီး။

## ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Aleksandr Lukashenko

လေးစားရပါသော အဆွေတော်သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံက သူငယ်ချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများအားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော်အပါအဝင် ကျွန်တော့်ရဲ့ ဒီခရီးစဉ်အဖွဲ့ဝင်အားလုံးကို နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပေးတဲ့အတွက် ကျွန်တော့်ရဲ့ Delegation ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ အဆွေတော်သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံကရှိတဲ့ ရင်းနှီးရတဲ့မိတ်ဆွေများအားလုံးကို ဖိတ်ခေါ်ပါကြောင်းနဲ့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ တံခါးအမြဲတမ်းဖွင့်ထားကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ အဆွေတော်သမ္မတကြီးပြောသွားသလိုပဲ ကျွန်တော်တို့ တွေ့ဆုံမှုမှာ နှစ်နိုင်ငံအတွက် အရေးကြီးတဲ့ ဒီဆွေးနွေးမှုတွေကို ဆွေးနွေးခဲ့ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာ ဆေးဝါးဆိုင်ရာကိစ္စရပ်များ၊ စက်မှုလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာကိစ္စရပ်များ၊ စစ်ဘက်ပူးပေါင်းမှုဆိုင်ရာကိစ္စရပ်များ အစရှိတဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍတွေကို ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနဲ့ပတ်သက်လို့ မည်သည့်ပုဂ္ဂိုလ်မဆို ကြားဝင်နှောင့်ယှက်မှုရှိခဲ့သော်လည်း ကျွန်တော်တို့အနေနဲ့ ဒီဟာတွေကို ဂရုမပြုဘဲနဲ့ ရှေ့လျှောက်ပြီးတော့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေကို ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကဘာလို့ ဒီလိုပြောရလဲဆိုတော့ ဒီပူးပေါင်းဆောင်ရွက်မှုတွေဟာ ဘယ်လာရုစ်သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံကြားမှာ အထူးသဖြင့် ဘယ်လာရုစ်နိုင်ငံပြည်သူပြည်သားတွေနဲ့ မြန်မာနိုင်ငံပြည်သူပြည်သားတွေအကျိုးကိုရှေးရှုပြီးတော့ ဆောင်ရွက်တာဖြစ်တဲ့အတွက် ဒီဆောင်ရွက်မှုတွေအားလုံးကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လေးစားရပါသော အဆွေတော်သမ္မတကြီးနှင့်တကွ တက်ရောက်လာသော ဝန်ကြီးများအားလုံးခင်ဗျာ- ကျွန်တော်တို့ ဒီနေ့တွေ့ဆုံဆွေးနွေးမှုမှာ ဆွေးနွေးခဲ့တဲ့ အချက်အလက်တွေအားလုံးဟာ ကျွန်တော်တို့နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် အဆင့်မြင့်ဆုံးဆွေးနွေးမှုများလို့ ကျွန်တော်တို့သတ်မှတ်လို့ရပါတယ်။ ဒီဆွေးနွေးမှုတွေအားလုံးဟာ ဒီနေ့တွေ့ဆုံမှုတစ်ခုတည်းရဲ့ ရလဒ်မျိုးမဟုတ်ဘဲနဲ့ ယခင်ကတည်းက Business Forum တွေမှာ နှစ်နိုင်ငံတာဝန်ရှိတဲ့ဝန်ကြီးများ၊ နှစ်နိုင်ငံမှ စက်မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီးတော့ ကုမ္ပဏီပိုင်းဆိုင်ရာမှ တာဝန်ရှိတဲ့သူများအချင်းချင်း ဆွေးနွေးထားခဲ့တဲ့ ဆွေးနွေးမှုများကို ထပ်လောင်းဆွေးနွေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့တွေ့ဆုံမှုကနေ ဆွေးနွေးမှုတွေနဲ့ပတ်သက်ပြီး ရရှိလာတဲ့ရလဒ်များအရဆိုရင်တော့ မြန်မာနိုင်ငံအတွက် လိုအပ်ချက်ရှိနေတဲ့ လိုအပ်ချက်များအားလုံးကို ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံကလည်း ဖြည့်ဆည်းပေးနိုင်သလို ဘယ်လာရုစ်ဘက်က လိုအပ်ချက်ရှိနေတဲ့ အခန်းကဏ္ဍများ၊ ပစ္စည်းများကို မြန်မာနိုင်ငံကနေပြီးတော့ ဖြည့်ဆည်းပေးနိုင်တယ်ဆိုတာကို ကျွန်တော်တို့ရရှိပါတယ်။ ဒါကြောင့်မို့လို့ နှစ်ဦးနှစ်ဖက်ကုန်သွယ်စီးပွားရေး တိုးမြှင့်ဖို့အတွက် ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်မံပြီး ပြောကြားလိုတာကတော့ ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာ တားမြစ်ထားတဲ့၊ လျှို့ဝှက်ထားတဲ့အကြောင်းအရာအချက်အလက်ဘာမှမရှိပါဘူး။ ပွင့်ပွင့်လင်းလင်းပဲ ကျွန်တော်တို့ ဆွေးနွေးနိုင်ပါတယ်။ လေးစားရပါသော အဆွေတော်သမ္မတကြီးနှင့်ဝန်ကြီးများခင်ဗျာ-ကျွန်တော်တို့အနေနဲ့ ဘယ်လာရုစ်နိုင်ငံမှ ပစ္စည်းများကို ရောင်းချခြင်းတင်မဟုတ်ဘဲနဲ့ ဘယ်လာရုစ်- မြန်မာ နှစ်နိုင်ငံပူးပေါင်းပြီးတော့ စက်ရုံများတည်ထောင်ခြင်း၊ လုပ်ငန်းကိစ္စများ၊ ကုမ္ပဏီများပူးပေါင်းတည်ထောင်ခြင်းကိုလည်း လုပ်ဖို့အတွက် ဆန္ဒရှိပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံက လိုအပ်ချက်ရှိတဲ့ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ပြီးတော့ မြန်မာနိုင်ငံမှာ ပူးတွဲကုမ္ပဏီတွေတည်ထောင်ချင်ပါတယ်။ ဒီလိုမျိုးတည်ထောင်ခြင်းအားဖြင့် ကျွန်တော်တို့ နှစ်နိုင်ငံ နှစ်ဦးနှစ်ဖက်အကျိုးအမြတ်များစွာရရှိမှာဖြစ်ပြီးတော့ ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းတွေအားလုံးကိုလည်း အောင်မြင်အောင်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးခဲ့တဲ့တွေ့ဆုံမှုတွေမှာ ဆွေးနွေးခဲ့တဲ့ အကြောင်းအရာများအရ သတ်မှတ်ထားတဲ့ကာလတွေ၊ ပမာဏတွေရှိပါတယ်။ ဒီကာလတွေ၊ ပမာဏတွေအတွင်းမှာ နှစ်ဦးနှစ်ဖက် ကုန်သွယ်မှုစီးပွားရေးလုပ်ငန်းများ၊ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေကို အောင်မြင်အောင်အကောင်အထည်ဖော်

**စာမျက်နှာ ၇ သို့ ⊃**

၁ စာမျက်နှာ ၆ မှအဆက်

ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လေးစားရပါသော အဆွေတော်သမ္မတကြီးခင်ဗျာ- ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် မကြာမီအတောအတွင်း အတိအကျပြောမယ်ဆိုရင် နောက်လာမယ့်တစ်လအတွင်းမှာ မြန်မာနိုင်ငံမှာ သမိုင်းဝင်ရွေးကောက်ပွဲကျင်းပတော့မယ်လို့ သိရှိရပါတယ်။ ဒီရွေးကောက်ပွဲကတော့ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ ရွေးကောက်ပွဲဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲပြီးတဲ့အချိန်မှာ အထူးသဖြင့်တော့ ပါလီမန်တည်ထောင်ဖို့အတွက် ဒီရွေးကောက်ပွဲကို လုပ်ဆောင်တယ်လို့ သိရှိရပါတယ်။ ကျွန်တော့်အနေနဲ့ အဆွေတော်သမ္မတကြီးကို မိတ်ဆွေရင်းအနေနဲ့ ထပ်ပြီးတော့ ပြောလိုတာကတော့ အဆွေတော်သမ္မတကြီး ဦးဆောင်ပြီးတော့ ကျင်းပတဲ့ ရွေးကောက်ပွဲဟာဆိုလို့ရှိရင် မြန်မာနိုင်ငံရဲ့ ပြည်သူပြည်သားတွေအားလုံးအတွက် ရွေးကောက်ပွဲကိုကျင်းပတာဖြစ်လို့လည်း ကျွန်တော်ထောက်ခံပါတယ်။ ဒီရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ ပြည်သူပြည်သားတွေအားလုံးအနေနဲ့လည်း အစိုးရက ပြည်သူပြည်သားတွေအားလုံးအတွက် လုပ်ဆောင်ပေးတယ်ဆိုတာကိုလည်း နားလည်ရမှာဖြစ်ပါတယ်။ လေးစားရပါသော အဆွေတော်သမ္မတကြီးခင်ဗျာ- အဆွေတော်သမ္မတကြီးနဲ့ မြန်မာနိုင်ငံအနေနဲ့အနာဂတ်မှာ အလားအလာကောင်းတွေအများကြီးရှိတယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ လက်ရှိအခြေအနေမှာတော့ မြန်မာနိုင်ငံအနေနဲ့ အနာဂတ်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် တည်ငြိမ်အေးချမ်းမှုကို အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ဒီလိုမျိုး မြန်မာနိုင်ငံရဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့လည်း တတ်နိုင်သလောက် ကူညီပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီနေ့ မြန်မာနဲ့ ဘယ်လာရုစ်နှစ်နိုင်ငံအကြား Road Map ကိုလည်း လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ ဒီ Road Map မှာလည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို အသေးစိတ်ဖော်ပြပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စီးပွားရေးဆိုင်ရာကိစ္စရပ်တွေ၊ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်တွေ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်တွေ အများကြီးဆွေးနွေးပြီးဖြစ်ပါတယ်၊ ဒီဆွေးနွေးခဲ့တာတွေအားလုံးရဲ့အပြီးမှာ အရေးကြီးတဲ့ အချက်တစ်ချက်ရှိပါတယ်။ အဲဒါကတော့ နှစ်နိုင်ငံအကြား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါတယ်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်ပြီးတော့ ပါဝင်တဲ့ အခန်းကဏ္ဍတွေကတော့ ဆေးဝါး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဖလှယ်ခြင်းဆိုင်ရာ အခန်းကဏ္ဍတွေပါပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခန်းကဏ္ဍနဲ့ ပတ်သက်ပြီးတော့ တိုးမြှင့်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ ကူညီသွားမှာဖြစ်ကြောင်းလည်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်မံပြောကြားလိုတာကတော့ ကျွန်တော့်ရဲ့ နိုင်ငံရေးသက်တမ်းတစ်လျှောက်မှာ အဆွေတော်ဦးဆောင်တဲ့ အစိုးရအဖွဲ့လိုမျိုး မိမိနိုင်ငံနဲ့ မိမိပြည်သူပြည်သားတွေအတွက် နေ့စဉ်နေ့တိုင်း အားသွန်ခွန်စိုက်အလုပ်လုပ်တဲ့ အစိုးရနဲ့နိုင်ငံ့ခေါင်းဆောင်မျိုးမတွေ့ဖူးပါဘူး။ တော်တော်လေးကို ရှားရှားပါးပါး တွေ့ဖူးတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်း နှစ်နိုင်ငံပြည်သူပြည်သားတွေအားလုံး အကျိုးအမြတ်ရစေဖို့၊ နှစ်နိုင်ငံပြည်သူပြည်သားတွေအားလုံး စိတ်ချမ်းသာစေဖို့အတွက်ပူးပေါင်း ဆောင်ရွက်ဖို့အတွက် ဘယ်လာရုစ်နိုင်ငံအနေနဲ့ အဆင်သင့်ရှိကြောင်းပြောကြားလိုပါတယ်။ မြန်မာနိုင်ငံကနေပြီးတော့ Specialist တွေ ဘယ်လာရုစ်နိုင်ငံကိုလာခဲ့ပါ။ ဖိတ်ခေါ်ပါတယ်။ မြန်မာနိုင်ငံအတွက် ဘာတွေလိုအပ်နေတယ်ဆိုတာကိုလည်း ဆွေးနွေးပါ။ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ အမြဲတမ်းကူညီသွားဖို့ အဆင်သင့်ရှိပါတယ်။ ကျွန်တော်တို့ အခုလိုမျိုးလာရောက်တဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီးတော့ နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပေးတဲ့အတွက်ရယ် အထူးတလည် အချိန်ပေးပြီးတော့ တွေ့ဆုံတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။

# (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ၈ ခု၊ ကြေးတံဆိပ် ၁၀ ခုရရှိခဲ့ပြီး နိုင်ငံအလိုက် ပဋ္ဌမအဆင့်တွင်ရပ်တည်နိုင်ခဲ့



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများက မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းအား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၈

စင်ကာပူနိုင်ငံတွင် နိုဝင်ဘာလ ၁၂ ရက်မှ ၂၇ ရက်ထိကျင်းပခဲ့သည့် (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (33rd ASEAN Armies Rifle Meet – 33rd AARM)ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့ညပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းတွင်အသင်းခေါင်းဆောင်ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့်သေနတ်ပစ်အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ ပါဝင်ခဲ့ကြပြီး ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတိုအမျိုးသားအသင်းနှင့်ပစ္စတို အမျိုးသမီးအသင်းတို့ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပွဲစဉ်(၁)အမှတ်ပေးပွဲစဉ်အသင်းလိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၅ ခု၊ ငွေတံဆိပ် ၄ ခု၊ ကြေးတံဆိပ် ၅ ခု၊ ပွဲစဉ်(၂) အသင်းလိုက် ထိလဲပြားပစ်ခတ်စဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၅ ခု၊ ငွေတံဆိပ် ၄ ခု၊ ကြေးတံဆိပ် ၅ ခု တို့ရရှိခဲ့ပြီး စုစုပေါင်း ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ၈ ခု၊ ကြေးတံဆိပ် ၁၀ ခု အသီးသီး ဆွတ်ခူးရရှိခဲ့ကာ နိုင်ငံအလိုက် ပဋ္ဌမ အဆင့်တွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

(၁၀၀)

# တောင်ကြီးမြို့နှင့်အောင်ပန်းမြို့တို့ရှိ တပ်မတော်ဆေးရုံများအတွက် PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့က ဆေးပဒေသာပင်အလှူငွေများလှူဒါန်း



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး တောင်ကြီးမြို့နှင့် အောင်ပန်းမြို့တို့ရှိ တပ်မတော်ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေများ လှူဒါန်းသော PNO အသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံနှင့် အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံတို့အတွက် PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့က ဆေးပဒေသာပင်များ လှူဒါန်းပွဲများကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဆေးရုံများ၌ ကျင်းပပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆေးပဒေသာပင်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လှူဒါန်းငွေများ ပေးအပ်လှူဒါန်းရာ တပ်မတော်ဆေးရုံများမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အဆိုပါဆေးရုံများ၌ တက်ရောက်ဆေးကုသလျက်ရှိသော လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပခုက္ကူမြို့၌ ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုကျင်းပ

**ပခုက္ကူ နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို နိုဝင်ဘာလ ၂၇ရက်ကပခုက္ကူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက်သို့သွားကြစို့ သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြပြီး ပခုက္ကူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုချိုမာက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက စာရေးဆရာမ ခင်ဆွေဦး ရေးသားထုတ်ဝေထားသော ဒို့တိုင်းဌာနီ စာအုပ်ပါအကြောင်းအရာနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ဒုတိယဗိုလ်မှူးကြီးကျော်ဇေလတ်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းဝင်းနှင့်အဖွဲ့ဝင်များက အခြေခံပညာအလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များက ပြည်သူများလှူဒါန်းထားသော သုတ၊ ရသစာအုပ်စာစောင်များကို အခြေခံပညာကျောင်းရှစ်ကျောင်းရှိ တာဝန်ခံကျောင်းအုပ်ကြီးများအားလည်းကောင်း အသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များအား တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များအား ရှေးဟောင်းClassic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သောယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်အား ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များအား မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် (၁-၁၂-၂၀၂၅)ရက်မှ (၃၁-၃-၂၀၂၆)ရက်အထိ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား www.motc.gov.mm , www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Mr. Aliaksandr KHAJAYEU နှင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဆိုင်ရာဝန်ကြီး H.E. Mr. Yury HORLAU တို့နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Mr. Aliaksandr KHAJAYEU နှင့် စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဆိုင်ရာ ဝန်ကြီး H.E. Mr. Yury HORLAU တို့ကို ယမန်နေ့မွန်းလွဲပိုင်းက Jasmine Palace Hotel နေပြည်တော်၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနတို့အကြား ၂၀၁၃ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့်နားလည်မှုစာချွန်လွှာအရ ရောဂါရှာဖွေရေးနှင့်ခွဲစိတ်ခွဲခန်းသုံးစက်ပစ္စည်းများထုတ်လုပ်ရေးတွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆေးဘက်ပညာရပ်ဆိုင်ရာသင်ကြားရေးနှင့် ဘွဲ့လွန်ဆေးပညာရပ်ဆိုင်ရာ သင်တန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဆေးလက်တွေ့ပညာရပ်၊ ဆေးကုသမှုနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ဘယ်လာရုစ်နိုင်ငံမှထုတ်လုပ်သည့် ဆေးဝါးနှင့်ဆေးပစ္စည်းများကို Fast Track Mechnism ဖြင့် ဆေးဝါးမှတ်ပုံတင်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည့်ကိစ္စရပ်များ။

ဘယ်လာရုစ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှထုတ်လုပ်သည့် အစားအသောက်၊ ကလေးအာဟာရမှုန့်၊ နို့နှင့်နို့ထွက်ပစ္စည်းများ မြန်မာနိုင်ငံသို့တင်ပို့ရောင်းချနိုင်ရေးကိစ္စများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးမည့်ကိစ္စရပ်များ၊ အရေးပေါ်ထိခိုက်ဒဏ်ရာရသူများကို ကုသပေးသည့်အရေးပေါ်ဆေးသေတ္တာ ( First Aid Medical Box)နှင့် အရေးပေါ်သွေးတိတ်ပတ်တီးများ မြန်မာနိုင်ငံတွင် အသုံးပြုနိုင်ရေးနှင့် လိုအပ်ပါက ထုတ်လုပ်မှုအထိ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ အသည်းအစားထိုးဆေးကုသမှုအပါအဝင် ဆေးကုသမှုလုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံအပြန်အလှန် ဆေးဘက်ပညာရှင်များ စေလွှတ်၍ ဆေးကုသမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ လေ့ကျင့်သင်ကြားပေးရေးကိစ္စရပ်များ၊ Virtual စနစ်ဖြင့် Telemedicine ဆေးကုသမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်နှင့် Belarus State Medical University (BSMU) တို့အကြား ပညာရပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်အား နိုဝင်ဘာလအတွင်းက ချုပ်ဆိုခဲ့ပြီးဖြစ်ရာ နှစ်နိုင်ငံဆေးတက္ကသိုလ်များအကြား ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်သင်တန်းများ၊ သိပ္ပံပညာရပ်ဆိုင်ရာလက်တွေ့ဆွေးနွေးပွဲများ၊ ပညာရေးဆိုင်ရာညီလာခံများ၊ သင်တန်းများ ဖလှယ်ဆောင်ရွက်မည့်ကိစ္စရပ်များ အစရှိသည်တို့ကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်းသိရသည်။ **မြဝတီ**

## အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၇)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် (၂၄)ကြိမ်မြောက် အထွေထွေညီလာခံသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့တက်ရောက်







**နေပြည်တော် နိုဝင်ဘာ ၂၈**

အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဂျကာတာမြို့၊ Borobudur Hotel တွင် ၂၃-၁၁-၂၀၂၅ ရက်မှ ၂၇-၁၁-၂၀၂၅ ရက်အထိ ကျင်းပပြုလုပ်သည့် အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၇) ကြိမ်မြောက်အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် (၂၄) ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် (အငြိမ်းစား) ဦးဆောင်သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့ဝင် ၅ ဦးသည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့၊ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာကြသည်။

အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၇)ကြိမ်မြောက်အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်တွင် ကျင်းပခဲ့ရာ VECONAC အဖွဲ့ဝင် ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် (၂၄)ကြိမ်မြောက် အထွေထွေညီလာခံသို့ တင်သွင်းမည့် ဆုံးဖြတ်ချက် (မူကြမ်း) ၉ ချက်ကို သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်းများဆောင်ရွက်၍ အတည်ပြုရန် ဆုံးဖြတ်ခဲ့ကြသည်။

အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၂၄)ကြိမ်မြောက် အထွေထွေညီလာခံကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်တွင် ကျင်းပရာ အဆိုပါအထွေထွေညီလာခံသို့ VECONAC အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့်ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး နိုင်ငံအလိုက် အစီရင်ခံစာတင်သွင်းခြင်း အစီအစဉ်တွင်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ အစီရင်ခံစာကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့် (အငြိမ်းစား) က ဖတ်ကြားတင်သွင်းခဲ့ပါသည်။ အဆိုပါအထွေထွေညီလာခံ၌ အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၇)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည့် ဆုံးဖြတ်ချက် ၉ ချက်အား အတည်ပြုကြပြီး VECONAC အဖွဲ့ဝင် ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက ပူးတွဲကြေညာချက်၌ လက်မှတ်ရေးထိုးမှတ်တမ်းတင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် (အငြိမ်းစား) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်၅ဦးသည်အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဂျကာတာမြို့၊ Borobudur Hotel တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၇)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၄) ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် နံနက် ၁၁ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့၊ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေး



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်တို့ မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာရှိ ဆည်တော်ကြီးရေလှောင်တမံအား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေအားလျှပ်စစ်စက်ရုံထိန်းချုပ်ခန်းနှင့်ထရန်စဖော်မာများပြုပြင်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းစက်ရုံမှူးက မန္တလေးမြို့ အောင်ပင်လယ်ဓာတ်အားခွဲရုံသို့ ဓာတ်အားပေးပို့နိုင်ရန်အတွက်ပို့လွှတ်ရေးပစ္စည်းများအား စစ်ဆေးပြုပြင်နေမှု၊ ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဌာနမှတာဝန်ယူထိန်းသိမ်းသော 132 KV အောင်ပင်လယ်- ဆည်တော်ကြီးလိုင်းပြုပြင်ပြီးစီးပါက နိုင်ငံတော်ဓာတ်အားစနစ်ထဲသို့ဓာတ်အားထည့်ရန်ဆည်တော်ကြီးတမံ၏ စက်အမှတ်(၂)အားလည်းပတ်သွားမည့်အခြေအနေ၊ စက်အမှတ်(၁)၏ပင်မထရန်စဖော်မာများပျက်စီးမှုအားစစ်ဆေးခြင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဝန်ထမ်းများလုပ်ငန်းခွင်အတွင်း လုံခြုံအေးချမ်းစွာဖြင့် တာဝန်များထမ်းဆောင်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအား အားပေးစကားများ ပြောကြားသည်။

ထို့နောက် ရေပိုလွှဲတံခါးကြီးများမှ မိုးစပါးအောင်ရေအတွက် ရေထုတ်လွှတ်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ဆည်တော်ကြီး ရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ တမံကြံ့ခိုင်မှုအတွက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှကွင်းဆင်းစစ်ဆေးတွေ့ရှိခဲ့မှုအခြေအနေများနှင့် ပြုပြင်ဆောင်ရွက်သွားမည့်အစီအမံများ၊ တမံအတွင်းရေသိုလှောင်ထိန်းသိမ်းထားမှု၊ မိုးစပါးအောင်ရေအတွက် ရေထုတ်လွှတ်နေမှု၊ မန္တလေး၊ မတ္တရာ၊ ပုသိမ်ကြီးနှင့် အမရပူရမြို့နယ်များအတွက် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့်နွေသီးနှံစိုက်ပျိုးရေ ခွဲဝေလျာထားမှုအခြေအနေများကို ရှင်းလင်းပြောကြားရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က ရှင်းလင်းမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို အားပေးစကားများ ပြောကြားကာ တမံနှင့် ရေအားလျှပ်စစ်စက်ရုံတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရေနံ့သာကျေးရွာရှိ ရေနံ့သာနယ်မြေရဲစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ရဲတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် မတ္တရာ-သပိတ်ကျင်းလမ်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သော တံငါတံတားအား ပြည်သူများသွားလာနိုင်ရေးအတွက် ယာယီဘေလီတံတားအဖြစ် ပြုပြင်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအားကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၂၈

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိတပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko တို့ရှေ့မှောက်တွင် နှစ်နိုင်ငံပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာဘယ်လာရုစ်နိုင်ငံသံအမတ်ကြီးတို့က နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုးစဉ်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko အား ဂုဏ်ပြုနေ့လယ်စာဖြင့်တည်ခင်းဧည့်ခံစဉ်။

❍ ကျောဖုံးမှအဆက်

ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko နှင့်အတူ ဘယ်လာရုစ်နိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာ၌ အဆွေတော်နှင့် ကိုယ်စားလှယ်အဖွဲ့များအား မြန်မာနိုင်ငံမှ လှိုက်လှဲစွာဖြင့် ကြိုဆိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးမှာ ၂၆ နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး အဆွေတော်၏ ချစ်ကြည်ရေးခရီးစဉ်သည် ဘယ်လာရုစ်သမ္မတနိုင်ငံမှ နိုင်ငံတော်အကြီးအကဲ လာရောက်သည့်ပထမဆုံးသမိုင်းဝင်ခရီးစဉ်ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် ယခုနှစ်မတ်လအတွင်း ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်နှင့် ဇွန်လအတွင်း စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် လာရောက်သည့်ခရီးစဉ်များအတွင်း အဆွေတော်နှင့် ဘယ်လာရုစ်နိုင်ငံက နွေးထွေးလှိုက်လှဲစွာကြိုဆိုခဲ့သည့် ဧည့်ဝတ်ကျေပွန်မှုများကိုလည်း ပြန်လည်အမှတ်ရမိပါကြောင်းနှင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မတ်လအတွင်းလာရောက်ခဲ့သည့် ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ယခုအဆွေတော်၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)၊ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်အပါအဝင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများကို **စာမျက်နှာ ၁၂ သို့ ❍**



ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် အမှတ်တရစကားပြောကြားစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko နှင့်အခမ်းအနားတက်ရောက်လာကြသူများက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များက မြန်မာတေးသံသာများ၊ ဘယ်လာရုစ်နိုင်ငံတေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko တို့က ဖျော်ဖြေရေးအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်စဉ်။

❍ **စာမျက်နှာ ၁၁ မှအဆက်**

လက်မှတ်ရေးထိုးသွားမည်ဖြစ်သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် တည်နေရာအနေအထား အရ အလှမ်းဝေးကွာသော်လည်း သံတမန်ဆက်ဆံရေးနှင့် စစ်ဘက်သံတမန်ဆက်ဆံရေး နှစ်မျိုးလုံးရှိသောနိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှုအပြည့်အဝရှိသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသံတမန်ဆက်ဆံရေးတည်ထောင်မှုသည် ယခုအခါ ၂၆ နှစ်ကျော်ခဲ့ပြီဖြစ်ပြီး အဆိုပါအခါသမယအတွင်း နှစ်နိုင်ငံဆက်ဆံရေးသည် သိသာထင်ရှားစွာတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင်လည်း ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် မိမိအနေဖြင့် သန္နိဋ္ဌာန်ချထားပါကြောင်း၊ မြန်မာနိုင်ငံ၏နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ဘယ်လာရုစ်နိုင်ငံအနေဖြင့်မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံတကာမျက်နှာစာတွင်လည်းကောင်း အကူအညီများ တစိုက်မတ်မတ်ပေးအပ်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိနှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နွေးထွေးစွာဖြင့် ကြိုဆိုသည့်အတွက်လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း၊ **စာမျက်နှာ ၁၃ သို့**❍

# မြန်မာ – ဘယ်လာရုစ် နှစ်နိုင်ငံသံတမန်ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်တည်တံ့စေရန် ဘယ်လာရုစ်သမ္မတနိုင်ငံ၏မြို့တော် Minsk မြို့အမည်ဖြင့် လမ်းအမည်ဂုဏ်ပြုပေးအပ်






ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maxim RYZHENKOV နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က မြန်မာ – ဘယ်လာရုစ် နှစ်နိုင်ငံသံတမန်ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်တည်တံ့စေရန် ဘယ်လာရုစ်သမ္မတနိုင်ငံ၏မြို့တော် Minsk မြို့အမည်ဖြင့် လမ်းအမည်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်တည်တံ့စေရန် ရည်ရွယ်ပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ၏မြို့တော် Minsk မြို့၏အမည်အား ရာဇသင်္ဂဟလမ်းမကြီးနှင့် ဇမ္ဗူကျက်သရေလမ်းမကြီးကို ဆက်သွယ်ထားသောလမ်း၏အမည်အဖြစ် ဂုဏ်ပြုပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ ရာဇသင်္ဂဟလမ်းနှင့် သီရိကျော်စွာလမ်းထောင့်(အဆင့်မြင့်ဈေးအနီး)၌ ကျင်းပသည်။

**စာမျက်နှာ ၁၃ သို့** ❐

❍ စာမျက်နှာ ၁၂ မှအဆက်

မိမိအနေဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံး လာရောက်သည့်ခရီးစဉ်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိသည်ကို ပြောကြားလိုကြောင်း၊ အဆွေတော်အနေဖြင့် မတ်လအတွင်း ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့မှုသည်လည်း မြန်မာနိုင်ငံမှ နိုင်ငံတော်အကြီးအကဲတစ်ဦး၏ ပထမဆုံးချစ်ကြည်ရေးခရီးစဉ်ဖြစ်ပါကြောင်း၊ ယခုနှစ်အတွင်း မိမိတို့နှစ်ဦးအနေဖြင့် ၆ ကြိမ်တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၅ ခုနှစ်သည် နှစ်နိုင်ငံအတွက် အမှတ်တရများ များစွာရှိပြီး နှစ်နိုင်ငံအကြား သမိုင်းအသစ်များစိုက်ထူနိုင်သည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုများကို အောင်အောင်မြင်မြင်လုပ်ဆောင်လျက်ရှိကြောင်း၊ မင့်စ်မြို့တွင်ကျင်းပခဲ့သည့် EAEU အစည်းအဝေးသို့ မြန်မာနိုင်ငံမှနိုင်ငံခြားရေးဝန်ကြီးဦးဆောင်၍ တက်ရောက်ခဲ့ကြောင်း၊ ယခုနှစ်အတွင်း မိမိတို့အနေဖြင့် နိုင်ငံတကာအခမ်းအနားများ၊ နိုင်ငံတကာအစည်းအဝေးများတွင် တွေ့ဆုံဆွေးနွေးမှုများ များစွာပြုလုပ်နိုင်ခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံချိန်တွင် အပြန်အလှန်ကူညီရေးဆိုင်ရာများကိုဆွေးနွေးနိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အမြဲတံခါးဖွင့်ထားပါကြောင်း၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများဆောင်ရွက်ချိန်တွင် မည်သည့်ပြင်ပနှောင့်ယှက်စွက်ဖက်မှုများရှိနေပါစေ တစိုက်မတ်မတ်ဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံမှ တာဝန်ရှိသည့်ဝန်ကြီးများ၊ မြန်မာနိုင်ငံမှ တာဝန်ရှိသည့်ဝန်ကြီးများ ပူးပေါင်း၍ စီးပွားရေးဖိုရမ်များကျင်းပခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါကြောင်း၊ ထိုမှတစ်ဆင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်စေရေးနှင့် ရလဒ်ကောင်းများရရှိစေရေးဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ယနေ့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈) ကို လက်မှတ်ရေးထိုးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းပြမြေပုံ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်သည့်အချက်များစွာပါဝင်ကြောင်း၊ အဆိုပါလမ်းပြမြေပုံအတိုင်းဆောင်ရွက်သွားမည်ဆိုပါက နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံစက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးမှုမှ ရရှိလာသည့် အကြောင်းအရာများအားလုံး အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတွင် မန္တလေး ငလျင်ကြီးလှုပ်ခတ်ခဲ့စဉ်က ဘယ်လာရုစ်သမ္မတနိုင်ငံမှ ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆောင်ရွက်ပေးခဲ့မှုအပေါ် မြန်မာနိုင်ငံအနေဖြင့်ကျေးဇူးတင်ရှိမှု၊ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ စက်မှု၊ စိုက်ပျိုးရေးနှင့်အစားအစာ၊ ကျန်းမာရေး၊ ဆေးဝါး၊ ပညာရေးနှင့်ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့်တိုးတက်လျက်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့်အပြန်အလှန်နားလည်ယုံကြည်မှုများ တိုးမြင့်လာသည့်အခြေအနေများ၊ သံတမန်ဆက်ဆံမှုအားမြှင့်တင်နိုင်ရေးအတွက် မင့်စ်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးအား သံရုံးအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးသွားမည့်အခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေး၊ အားကစား၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စွမ်းအင်၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်ကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင်မကြာမီကာလအတွင်း လွတ်လပ်၍ ပွင့်လင်းမြင်သာသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည့်အခြေအနေများနှင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများအပါအဝင် ပြည်တွင်း၊ ပြည်ပ စောင့်ကြည့်လေ့လာသူများကို ဖိတ်ခေါ်ထားရှိပြီးဖြစ်သည့်အခြေအနေများနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံအနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အင်တိုက်အားတိုက်တိုက်ဖျက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားရာတွင် ပြီးခဲ့သည့် ၂၅ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ အမိမြေလုံခြုံရေးဝန်ကြီးဌာနအနေဖြင့် ၎င်းတို့နိုင်ငံသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၄၀၀၀ ခန့်အား TPS – Temporary Protected Status ပေးထားမှုမှ ရုပ်သိမ်း၍ ရက်ပေါင်း ၆၀ အတွင်းပြန်လည်စေလွှတ်သွားမည်ဟုထုတ်ပြန်ထားကြောင်း၊ နိုင်ငံရေးသဘောထားကွဲလွဲမှုများနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် အမေရိကန်နိုင်ငံအပါအဝင် အခြားနိုင်ငံများသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများရှိကြောင်း၊ ၎င်းတို့အမိမြန်မာနိုင်ငံသို့ပြန်လာမည်ဆိုပါက မိမိတို့အနေဖြင့်ကြိုဆိုသည်ကို ပြောကြားလိုပါကြောင်း၊ ၎င်းတို့အနေဖြင့် ဆန္ဒရှိမည်၊ ရွေးကောက်ပွဲကာလနှင့် အကျုံးဝင်မည်၊ မဲစာရင်းတွင်ပါဝင်မည်ဆိုပါက ရွေးကောက်ပွဲတွင်ဆန္ဒမဲလာရောက်ပေးနိုင်ရေးဆောင်ရွက်ပေးသွားမည်ကို မိမိအနေဖြင့် အဆွေတော်အား အသိပေးပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီသည့် နိုင်ငံရေးစနစ်ကို ကျင့်သုံးရာတွင် ဘယ်လာရုစ်နိုင်ငံအနေဖြင့် ထောက်ခံအားပေးကူညီမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးချိန်၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပပြုလုပ်ရာ သိပ္ပံနှင့်နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာများ၊ အကောက်အခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ပို့ကုန်ချေးငွေမူဘောင်သဘောတူညီချက်နှင့် နိုင်ငံတော်အဆင့် စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း၊ တိကျစွာတိုင်းတာခြင်းနှင့် အသိအမှတ်ပြုခြင်းနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာများ၊ တရားမဝင်နှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးရေးသဘောတူစာချုပ်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများအား နှစ်နိုင်ငံပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီးတို့က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့ ရှေ့မှောက်တွင် လက်မှတ်များရေးထိုးကြပြီး စာချွန်လွှာများကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့က မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားခဲ့သည်။ **(ပြောကြားချက်အပြည့်အစုံအား စာမျက်နှာ ၆ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲ ပြုလုပ်မည့်နေရာသို့ ရောက်ရှိနေရာယူပြီးချိန်တွင် နိုင်ငံတော်ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ဂုဏ်ပြုနေ့လယ်စာသုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့်ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်မြဝတီတေးဂီတအဖွဲ့တို့မှအနုပညာရှင်များက မြန်မာတေးသံသာများ၊ ဘယ်လာရုစ်နိုင်ငံ တေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့်အဖွဲ့ဝင်များသည် သမ္မတအိမ်တော်၊ သဘင်ဆောင်ခန်းမ၌ကျင်းပပြုလုပ်သည့် ဂုဏ်ပြုဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဂုဏ်ပြုဖျော်ဖြေပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များက နှစ်နိုင်ငံတေးသီချင်းများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများကို ဖော်ကျူးထားသည့် တေးသရုပ်ဖော်များ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဂုဏ်ပြုဖျော်ဖြေပွဲအပြီးတွင်ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌတို့သည် ဖျော်ဖြေရေးအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းများပေးအပ်ချီးမြှင့်ပြီး အဖွဲ့ဝင်များနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

---

❒ စာမျက်နှာ ၁၂ မှအဆက်

အဆိုပါဂုဏ်ပြုလမ်းအမည်ပေးအခမ်းအနားသို့ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maxim RYZHENKOV၊ စက်မှုဝန်ကြီး H.E. Mr. Andrei KUZNIATSOU၊ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဆိုင်ရာဝန်ကြီး H.E. Mr. Yury HORLAU၊ ကျန်းမာရေးဝန်ကြီး H.E. Mr. Aliaksandr KHAJAYEU၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ H.E. Ms. Nadzeya LAZAREVICH နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ၏မြို့တော်များသည် ၂၀၁၁ ခုနှစ်မှ ချစ်ကြည်ရင်းနှီးမှုစတင်ခဲ့သည်မှာ နှစ်ပေါင်းများစွာရှိပြီဖြစ်ကြောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး၏ ခရီးစဉ်တွင် ယခုကဲ့သို့ သမိုင်းမှတ်တမ်းတင်နိုင်ခဲ့သည့်အတွက် မိမိတို့နှစ်နိုင်ငံပြည်သူပြည်သားများ၏ ချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် အပြန်အလှန်နားလည်မှုများသည် နောင်နှစ်ပေါင်းများစွာတိုင် တည်တံ့ခိုင်မြဲသွားမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး၏ မြန်မာနိုင်ငံသို့လာရောက်သည့် တရားဝင်

**မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ၏ မြို့တော်များသည် ၂၀၁၁ ခုနှစ်မှ ချစ်ကြည်ရင်းနှီးမှုစတင်ခဲ့သည်မှာ နှစ်ပေါင်းများစွာရှိပြီဖြစ် . . .**

**ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး၏ မြန်မာနိုင်ငံသို့ လာရောက်သည့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံ၏မြို့တော် မင့်စ်မြို့၏အမည်ကို ဂုဏ်ပြုပြီး ယခုဖွင့်လှစ်မည့်လမ်းကို “မင့်စ်လမ်း” အဖြစ် လမ်းအမည်ပေးသတ်မှတ်ခေါ်တွင်သွားမည်ဖြစ် . . .**

ချစ်ကြည်ရေးခရီးစဉ်အတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံ၏မြို့တော် မင့်စ်မြို့၏အမည်ကိုဂုဏ်ပြုပြီး ယခုဖွင့်လှစ်မည့်လမ်းကို “မင့်စ်လမ်း”အဖြစ် လမ်းအမည်ပေးသတ်မှတ်ခေါ်တွင်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သတ်မှတ်ခေါ်တွင်မည့် လမ်းအမည်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုမှတ်တမ်းတစ်ခုအဖြစ် ကျန်ရှိနေမည်ဖြစ်သည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က လမ်းအမည်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက လမ်းအမည်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ဆက်လက်၍ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန်ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်တည်တံ့စေရန်ရည်ရွယ်၍ အမည်ပေးအပ်ထားသည့် Minsk လမ်းသည် ရာဇသင်္ဂဟလမ်းမကြီးနှင့် ဇမ္ဗူကျက်သရေလမ်းမကြီးကိုဆက်သွယ်ထားသော လမ်းမကြီးဖြစ်ပြီး အရှည်ပေ ၇၀၀၀ ကျော်ခန့်ရှိကာ အဆိုပါလမ်း၌ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၊ သီရိမင်္ဂလာအဆင့်မြင့်ဈေးတို့တည်ရှိသည်။

(၁၀၀)

✯ စာမျက်နှာ ၁၇ မှအဆက်

**❖ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိ၊ ယခုအခါ မြန်မာ-ထိုင်းနယ်စပ်တွင်ရှိနေသည့် Online လောင်းကစားမှုများသည် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်ချက်ဖြစ်သဖြင့် သတိထားဆောင်ရွက်လျက်ရှိ . . .**

ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်မှန်သမျှကို ကြိုဆိုလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများနှင့်ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့်စစ်ဘက်နည်းပညာဆိုင်ရာ စသည့်နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ **မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိ**မှု၊ **ယခုအခါ မြန်မာ-ထိုင်းနယ်စပ်တွင်ရှိနေသည့် Online လောင်းကစားမှုများသည်သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်ချက်ဖြစ်သဖြင့် သတိထားဆောင်ရွက်လျက်ရှိ**မှု၊ ၎င်းလုပ်ငန်းသည်ကိုဗစ်-၁၉ ကာလနောက်ပိုင်း ၂၀၂၀ ပြည့်နှစ်မှ စတင်ကျယ်ပြန့်လာမှု၊ ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှုဖြစ်လာချိန်၌ နယ်စပ်ဒေသများတွင် တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှု လျော့နည်းလာသည်ကို အခွင့်ကောင်းယူပြီး တရားမဝင်လက်နက်ကိုင်အဖွဲ့များနှင့်ပူးပေါင်း၍ အွန်လိုင်းလောင်းကစားမှုကို အခြေချခဲ့မှု၊ အွန်လိုင်းလောင်းကစားမှုပြုလုပ်သည့်နေရာများမှ ဖမ်းဆီးရမိသူ နိုင်ငံပေါင်း ၅၂ နိုင်ငံမှ ပြည်ပနိုင်ငံသား ၇၀၀၀၀ နီးပါးခန့်ကိုထိန်းသိမ်း၍ မိခင်နိုင်ငံသို့ပြန်ပို့လျက်ရှိမှု၊ ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၀၀၀ ခန့်ကိုလည်း ပြန်ပို့ရန်ဆောင်ရွက်လျက်ရှိမှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုံးဝပြန်လည်အခြေမချနိုင်စေရေး၊ ဒုစရိုက်လုပ်ငန်းများထပ်မံမလုပ်ဆောင်နိုင်စေရေးအတွက်တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများကိုလည်း အပြီးတိုင်ဖျက်ဆီးဖြိုချမှုများဆောင်ရွက်လျက်ရှိပြီး အမြစ်ပြတ်ချေမှုန်းသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို မကြာမီကာလအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဘယ်လာရုစ်နိုင်ငံမှလည်း လေ့လာစောင့်ကြည့်ရေးအဖွဲ့စေလွှတ်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ကဏ္ဍပေါင်းစုံ၌ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရွှေဥဒေါင်းသည်ရဲ့ ရွှေခရီး

❖ မြန်မာနှင့် ဘယ်လာရုစ်
ကောင်းကျိုးပြု ခရီးစဉ်။
နှစ်နိုင်ငံ ခေါင်းဆောင်များက
ရိုးသားဖြူစင်။
အနေဝေးသော်လည်း
ဆွေမျိုးသို့ ချစ်ကြင်
သံယောဇဉ် ခိုင်မြဲ။
အမြော်အမြင်ကြီးပါပေ့
တော်ဝင်ခရီး ရွှေလမ်းဖော်လို့
ရွှေလမ်းပေါ် အတူလျှောက်တယ်
ပေါက်မြောက်သည်ပဲ။

❖ ဘယ်လာရုစ် နိုင်ငံက
သမ္မတကြီး ရောက်ရှိလာ။
တို့နိုင်ငံ ခေါင်းဆောင်ကြီးက
ရင်းနှီးပျူငှာ။
နှုတ်ခွန်းဆက် ကြိုဆိုကာ
ချိုသာတဲ့ ပီတိဖုံး။
နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးက
ကြည်နူးရွှင်ပြုံး။

❖ မင်္ဂလာ ကျက်သရေအပေါင်း
ခညောင်းတဲ့ အချိန်အခါ။
နှစ်နိုင်ငံ ခေါင်းဆောင်များက
ခံ့ညားထည်ဝါ။
တစ်ဦးရဲ့မေတ္တာ
တစ်ဦးမှာ တည်စွဲ။
အပြန်အလှန် ဂါရဝတရားနှင့်
လေးစားသည်ပဲ။

❖ နှစ်နိုင်ငံ ခေါင်းဆောင်ကြီးတို့
လက်ပွန်းတတီး အကျွမ်းတဝင်။
နှစ်နိုင်ငံ ရေရှည်အကျိုး
သယ်ပိုးဖို့ပင်။
နိုင်ငံရေးရယ်နဲ့
စီးပွားရေး လူမှုရေး
ဖွံ့ဖြိုးရေး အစုံအလင်
တိုင်ပင်လို့ဆွေးနွေး။
သူ့အမြင်နှင့်
ကိုယ့်အမြင် ဖလှယ်ကြတယ်
လှပနောင်ရေး။

❖ ခရီးစဉ် တစ်ခွင်လုံး
ရွှင်ပြုံးလို့ ကြည်နူးကာ။
ရွှေဥဒေါင်းသည် ပီတိပွားလို့
အားရဝမ်းသာ။
မြန်မာအနှံ့မှာလ
မြန်မာရနံ့ ဝေစည်ဖြာ
မြန်မာတို့ ရှုခင်း။
ရွှေဥဒေါင်းသည် ကြည့်ရှုမဝ
မြန်မာ့မြင်ကွင်း။ ။

**ရေနံ့သာမောင်ကျော်ညွန့်**




## MWD Education, Knowledge & Sports Channel

၂၉-၁၁-၂၀၂၅(စနေနေ့)

| | | |
|---|---|---|
| ၁။ ၀၈:၀၀-၁၀:၀၀ | Grade-10 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ ၁၂:၀၀ -၁၃:၅၅ | Grade-10 | သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ |
| ၃။ ၁၆:၀၀-၁၈:၀၀ | Grade-10 | ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင် |
| ၄။ ၁၈:၀၀-၂၀:၁၀ | Grade-10 | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ |

# ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ နှစ်နိုင်ငံအထိမ်းအမှတ်သစ်ပင်အတူတကွစိုက်ပျိုး





ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ နှစ်နိုင်ငံအထိမ်းအမှတ်ကံ့ကော်ပင်အား အတူတကွစိုက်ပျိုးပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်တည်တံ့စေရန်ရည်ရွယ်၍ နှစ်နိုင်ငံအထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုကားလမ်းဘေးရှိကျန်းမာရေး ဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော်အမျိုးသားပရ ဆေးဥယျာဉ်၌ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေး ခရီးရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့တက်ရောက်၍ ကံ့ကော်ပင်ကို အတူတကွစိုက်ပျိုးပေးကြသည်။

အဆိုပါအခမ်းအနားသို့ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌတို့နှင့်အတူ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးမြထွန်းဦး၊ ဦးသန်းဆွေ၊ ဦးခင်မောင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌတို့သည် နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်ရှိ သတ်မှတ်နေရာ၌ နှစ်နိုင်ငံအထိမ်းအမှတ်ကံ့ကော်ပင်အား အတူတကွ စိုက်ပျိုးပေးကြကာ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက ကမ္ပည်းကြေးပြား အား အမွှေးနံ့သာဖြင့်ပက်ဖျန်းပေးသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတနှင့်အဖွဲ့ဝင်များသည် ဘယ်လာရုစ်-မြန်မာ အထိမ်းအမှတ်ကံ့ကော်ပင်ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး အမျိုးသားပရဆေးဥယျာဉ်အတွင်းရှိ အာဆီယံနှင့် BIMSTEC ဘင်းစတက်အဖွဲ့ဝင် နိုင်ငံ့အကြီးအကဲများစိုက်ပျိုးခဲ့သည့် အထိမ်းအမှတ် သစ်ပင်များကိုလှည့်လည်ကြည့်ရှုခဲ့ကြကြောင်းသတင်းရရှိသည်။(၁၀၀)

# မြန်မာနိုင်ငံသို့ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်မှ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာသည်။



ဘယ်လာရုစ်သမ္မတ နိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

ညှော်သည်တော် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီး၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်းတစ်လျှောက် အလေးပြုကြပြီး တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များက ရိုးရာယဉ်ကျေးမှု အကအလှတို့ဖြင့် ကပြဖျော်ဖြေခြင်းများနှင့်အတူ ကျောင်းသား/ ကျောင်းသူများက နှစ်နိုင်ငံ အလံများ ဝှေ့ယမ်း၍လည်းကောင်း၊ လမ်းဘေးဝဲယာတစ်လျှောက် နှစ်နိုင်ငံ အထိမ်းအမှတ်အလံများ စိုက်ထူခြင်းတို့ဖြင့် လည်းကောင်း ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည့်အပြင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့လိုက်ပါသည့် အထူးလေယာဉ်အား မြန်မာ့တပ်မတော်(လေ)မှ ဂျက်တိုက်လေယာဉ် ၃ စင်းက လိုက်ပါခြံရံပျံသန်း၍ မြန်မာ့လေပိုင်နက်အဆုံးထိ ပို့ဆောင်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko တို့က ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူစဉ်။



ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko လိုက်ပါလာသည့် အထူးယာဉ်တန်း နိုင်ငံတော်သမ္မတအိမ်တော်သို့ ဂုဏ်ပြုမြင်းစီးတပ်ဖွဲ့၏ ဦးဆောင်ကြိုဆိုမှုဖြင့် ရောက်ရှိလာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko တို့က ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံအဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko တို့က ဂုဏ်ပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူနေစဉ် ဂုဏ်ပြုအမြောက်တပ်ဖွဲ့မှ အမြောက် ၂၁ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကာ ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံအဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

၎င်းနောက်ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရလက်မှတ်ရေးထိုးပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ သီးခြားတွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဆွေတော်ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံးကို မြန်မာနိုင်ငံမှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုကို ပြသသည့်ခရီးစဉ်တစ်ခုဖြစ်ပြီး နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု ၂၆ နှစ်တာကာလအတွင်း မြန်မာနိုင်ငံသို့ ဘယ်လာရုစ်နိုင်ငံမှနိုင်ငံတော်အကြီးအကဲအနေဖြင့် လာရောက်သည့် သမိုင်းဝင်ခရီးစဉ်တစ်ခု ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းအားဖြင့် သံတမန်ဆက်ဆံမှုနှင့် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံပေးလျက်ရှိသည့်အတွက်ကျေးဇူးတင်ရှိပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် BRICS အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည့်အတွက်လည်း ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး BRICS အဖွဲ့ဝင်နိုင်ငံဖြစ်စေရေးနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU) အဖွဲ့ဝင်နိုင်ငံဖြစ်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ဘယ်လာရုစ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံပေးစေလိုကြောင်း၊ အဆွေတော်ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ၏ ယခုခရီးစဉ်တွင် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးမှုများ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko တို့ တွေ့ဆုံဆွေးနွေးစဉ်။

၂။ ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းအောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးအား လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် ၅၆ မြို့နယ်မှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်များအားလုံးတွင် **၂၆ - ၁၂ - ၂၀၂၅ ရက်နေ့ ည ၁၂၀၀ နာရီအချိန်မှ ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့ ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည်ဖြစ်ပြီး ရွေးကောက်ပွဲ အပိုင်း(၁) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို ၂၆-၁၂-၂၀၂၅ ရက်နေ့ ည ၁၂၀၀ နာရီအချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည်ဖြစ်ပါသည်။

၃။ ရွေးကောက်ပွဲအပိုင်း(၂)တွင်ပါဝင်သည့် မြို့နယ်များအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို ၂၉ - ၁၂ - ၂၀၂၅ ရက်နေ့မှစ၍ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး **၉ - ၁ - ၂၀၂၆ ရက်နေ့ ည ၁၂၀၀ နာရီအချိန်မှ ၁၁ - ၁ - ၂၀၂၆ ရက်နေ့ အပိုင်း (၂) ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရပ်နားထားရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲ အပိုင်း (၂) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို ၉ - ၁ - ၂၀၂၆ ရက်နေ့ ည ၁၂၀၀ နာရီအချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲ အပိုင်း(၃)အတွက် သတ်မှတ်ရက်များအား ဆက်လက်ထုတ်ပြန် ကြေညာပေးမည်ဖြစ်ပါသည်။

၄။ မဲဆွယ်စည်းရုံးခွင့်သတ်မှတ်ကာလအတွင်း လက်ကမ်းစာစောင်များ ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ၊ ဗီနိုင်းပိုစတာများစိုက်ထူချိတ်ဆွဲခြင်း၊ စုဝေးဟောပြောခွင့်နှင့် မီဒီယာများမှ မဲဆွယ်စည်းရုံးခွင့်တို့ကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၀-ကနှင့် နည်းဥပဒေအခန်း(၁၀)ပါ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ရန်ဖြစ်ပြီး ရွေးကောက်ပွဲအပိုင်း (၁)နှင့် (၂) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို အပိုင်းလိုက် မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက်များတွင် ဖြုတ်သိမ်းပေးရမည်ဖြစ်ပါသည်။

၅။ သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်း၍ ကြော်ငြာ၊ ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်ပါသည်။ ယင်းသို့ ကြော်ငြာ၊ ပိုစတာဖြုတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာနိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ashin Sanda Zawti" Facebook အကောင့်နှင့် "Ashin Sanda Zawteet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ဈေးကြိုရပ်ကွက်၊ ဇေတဝန်ဘုန်းကြီးကျောင်းမှ ဆရာတော် အရှင်ဆန္ဒဇောတိ(ခ) ကျော်စွာလင်းအား မွန်းလွဲ ၂ နာရီခွဲတွင် မုပွန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## လှိုင်လင်မြို့တွင် ငွေကျပ် ၁၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ တန်ကျော်ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၈

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၁၆ ရက်နေ့ ည ၆ နာရီအချိန် လှိုင်လင်မြို့၊ ရပ်ကွက်(၂)၊ လှိုင်လင်-တောင်ကြီးသွားကားလမ်းတွင် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကျီတော်ရွာနေ တင်မျိုးထွန်း (၄၂)နှစ် မောင်းနှင်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်၊ နားဖရွာနေ ဇော်ဂွမ်း (၂၈)နှစ် လိုက်ပါလာသော NISSAN ၆ ဘီး မော်တော်ယာဉ်အား သတင်းအရစစ်ဆေးရှာဖွေခဲ့ရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၁၁၇ တန်(၎င်းဒေသ တန်ဖိုးငွေကျပ် ၁၅ ဒသမ ၆၃၈ ဘီလီယံ) ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား သယ်ဆောင်ခိုင်းသူမှာ လားရှိုးမြို့နေ မာဒီး(ခ) ခွန်ဂျာအောင် (ဖမ်းဆီးရန်ကျန်)နှင့် ကွတ်ခိုင်မြို့နယ်၊ ကောင်းခါးကျေးရွာနေ တန်ဂွမ်း(ဖမ်းဆီးရန်ကျန်)တို့ဖြစ်ပြီး မိုင်းရယ်မြို့မှ ရန်ကုန်မြို့သို့သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၁၀၀)



တရားခံ ဇော်ဂွမ်းနှင့်တင်မျိုးထွန်းတို့အား ဖမ်းဆီးရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၄˚c | / | ၃၀˚c |
| ရန်ကုန် | ၁၆˚c | / | ၃၁˚c |
| မန္တလေး | ၁၅˚c | / | ၃၂˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ၂၈-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၉-၁၁-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဓာတ်လမ်းအသွင်တေးသံစဉ်

# KK Park အပိုင်း(၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇ လုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများ ၆၄ လုံးအား ချိပ်ပိတ်သိမ်းဆည်း

နေပြည်တော် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။








တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၃ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။


တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၅ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။


တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၁ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။


တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၄ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။


အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်းမှုကိုတွေ့ရစဉ်။


လောင်းကစားပစ္စည်းများအား မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။

ထိုသို့ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြဝတီ–မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံများကို အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်အပိုင်း (၃) နယ်မြေအတွင်းရှိတရားမဝင်အဆောက်အအုံ ၇ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၁၅ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၂၆၃ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာလ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ လူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ ဈေးဆိုင်ခန်းများ၊ ဟိုတယ်များနှင့် ကေတီဗွီများဖြစ်သော ၁ ထပ် အဆောက်အအုံ ၁၄ လုံး၊ ၂ ထပ် အဆောက်အအုံ ၄၂ လုံး၊ ၃ ထပ် အဆောက်အအုံ ၁၀၃ လုံး၊ ၄ ထပ်အဆောက်အအုံ ၆၃ လုံး၊ ၅ ထပ်အဆောက်အအုံ ၈ လုံး၊ ၇ ထပ်အဆောက်အအုံ ၁ လုံး၊ စုစုပေါင်း တရားမဝင်အဆောက်အအုံ ၂၃၁ လုံး တို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လက်ကိုင်ဖုန်းနှင့် အသုံးအဆောင်ပစ္စည်းများကို တစ်ပါတည်း ဖြုတ်သိမ်းယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ရာ တွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာလ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၀၉ လုံးကို တွေ့ရှိရပြီး အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း အဆောက်အအုံ ၄၃ လုံးကို ချိပ်ပိတ်နိုင်ခဲ့ရာ စုစုပေါင်း ၆၄ လုံးအထိ ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်သည့်ပြည်ပနိုင်ငံသားစုစုပေါင်း ၂၀၄၂ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၃၁၀ လုံး၊ မိုဘိုင်းဖုန်း ၂၁၈၇၀ လုံး၊ Star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် အဆိုပါနယ်မြေများ၌ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ်၊ ပူလွဲပူကျေးရွာအုပ်စု၊ ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၈၈၂ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# မြစ်ကြီးနားမြို့၊ ရပ်ကွက်များအတွင်းရှိ မဲဆန္ဒရှင်စာရင်း ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးနေမှု အခြေအနေများအား သွားရောက်ကြည့်ရှု



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက မြစ်ကြီးနားမြို့၊ ရပ်ကွက်များ အတွင်းရှိ မဲဆန္ဒရှင်စာရင်းကွင်းဆင်းတိုက်ဆိုင်စစ်ဆေးနေမှုကို ကြည့်ရှုစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၈

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက စီတာပူရပ်ကွက်နှင့် မန်ခိန်ရပ်ကွက်များအတွင်း နေအိမ်များ၌ မဲဆန္ဒရှင်စာရင်း ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးနေမှုအခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုသည်။

ဦးစွာ စီတာပူရပ်ကွက်ရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံး၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေးအတွက် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကြေညာထားရှိမှုအခြေအနေများ၊ စီတာပူရပ်ကွက်နှင့် မန်ခိန်ရပ်ကွက်အတွင်းရှိ နေအိမ်များ၌ မဲစာရင်းများမှန်ကန်မှု ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးမှုအခြေအနေများအား သက်ဆိုင်ရာဌာနအသီးသီးမှ ဝန်ထမ်းများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တောင်ကြီးမြို့နှင့် သန်လျင်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ မူလမင်းကွန်းကျောင်းတိုက်ရှိသံဃာတော်များအားယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၄၆ ပါးတို့အား ဆေးကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ Ultrasound စက်ဖြင့် စမ်းသပ်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။



သံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အဆိုပါဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး မူလမင်းကွန်းကျောင်းတိုက် ကျောင်းထိုင်ဆရာတော်အား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ စစ်ပင်ကွင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာရှိ သံဃာတော် ၆ ပါးနှင့် ဒေသခံပြည်သူ ၁၀၈ ဦးတို့အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အရှေ့ကျောင်းတိုက်၌ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အစာအိမ်နှင့်အူလမ်းကြောင်း၊ သည်းခြေလမ်းကြောင်းနှင့်မုန့်ချိုအိတ်ဆိုင်ရာ ရောဂါများနှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

အိန္ဒိယနိုင်ငံ၊ ဟိုက်ဒရာဘတ်မြို့ Asian Institutue of Gastroenterology (AIG) Hospitals မှ အစာအိမ်အူလမ်းကြောင်းနှင့် သည်းခြေလမ်းကြောင်း အထူးကုဆရာဝန်ကြီးများနှင့်မြန်မာ့တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ အစာအိမ်နှင့်အူလမ်းကြောင်းပါရဂူများပူးပေါင်းပြီး အစာအိမ်နှင့်အူလမ်းကြောင်း၊ သည်းခြေလမ်းကြောင်းနှင့် မုန့်ချိုအိတ်ဆိုင်ရာရောဂါများနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲနှင့် ရောဂါများခံစားနေရသောလူနာများအား အဆင့်မြင့်မှန်ပြောင်းနည်းပညာများအသုံးပြု၍ ကုသပေးခြင်းကို နိုဝင်ဘာလ ၂၇ ရက်နှင့် ယနေ့တို့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ရှိ အစာအိမ်နှင့် အူလမ်းကြောင်းကုသမှုဌာန၌ ပူးပေါင်းဆောင်ရွက်ကြသည်။



အစာအိမ်နှင့်အူလမ်းကြောင်း၊ သည်းခြေလမ်းကြောင်းနှင့်မုန့်ချိုအိတ်ဆိုင်ရာရောဂါများနှင့်ပတ်သက်သောအလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။

ဦးစွာ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ရာ အိန္ဒိယနိုင်ငံ၊ ဟိုက်ဒရာဘတ်မြို့ AIG ဆေးရုံမှ အစာအိမ်အူလမ်းကြောင်းနှင့် သည်းခြေလမ်းကြောင်းအထူးကုဆရာဝန်ကြီးများနှင့်မြန်မာ့တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ အစာအိမ်နှင့်အူလမ်းကြောင်းပါရဂူများက အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာကင်ဆာရောဂါများ၊ သည်းခြေလမ်းကြောင်းနှင့် မုန့်ချိုအိတ်ဆိုင်ရာရောဂါနှင့်ပတ်သက်၍ ကုသမှုဆိုင်ရာများကို ဆွေးနွေးကြသည်။

ထို့နောက် ကနဦးအဆင့်အစာအိမ်ကင်ဆာ၊ အစာဟောင်းအိမ်ကင်ဆာ၊ နာတာရှည် မုန့်ချိုအိတ်ရောင်ရမ်းခြင်း၊ မုန့်ချိုအိတ် အရည်စုရောဂါနှင့် မုန့်ချိုအိတ်လမ်းကြောင်းကျောက်တည်ခြင်းခံစားနေရသော ရောဂါဝေဒနာရှင် ၁၄ ဦးအား ကုသမှုများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်းဖြင့် ရောဂါဝေဒနာခံစားနေရသော လူနာများအနေဖြင့် ခွဲစိတ်ရန်မလိုဘဲ အဆင့်မြင့် မှန်ပြောင်းနည်းပညာများ အသုံးပြု၍ ရောဂါရှာဖွေကုသခြင်းများကို တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ပင် ပြုလုပ်နိုင်ပြီး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ အစာအိမ်နှင့်အူလမ်းကြောင်း ပါရဂူများ၊ သူနာပြုများအနေဖြင့်လည်း ပြည်ပပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး၍ အတွေ့အကြုံများဖလှယ်နိုင်ခြင်းနှင့် ရောဂါရှာဖွေကုသမှုများကိုပူးပေါင်းဆောင်ရွက်နိုင်ခြင်းအစရှိသော အကျိုးကျေးဇူးများ ရရှိခဲ့ကြောင်း သိရှိရသည်။

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ အစာအိမ်အူလမ်းကြောင်းကုသမှုအဖွဲ့အနေဖြင့် နိုင်ငံတကာပညာရှင်များအား ဖိတ်ခေါ်၍ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့သည်မှာ ယခုအကြိမ်အပါအဝင် (၆) ကြိမ်ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ (မိုး/ဇလ)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအရသာစစ်စစ်ရို့ အရသာရှ ဇိတ်ရွှင်ကြည်နူး ....

ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



ရွှေဖီဦး

Tea Mix
Lemon Tea
Black Tea




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ကျန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ပြည့်စွမ်းထား




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Smart®
GENTLEMEN FASHION



Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ

သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁




## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်မြ၊ အသက်(၉၅)နှစ်

သူငယ်ချင်း ကျော်စိုးအောင်၏ဖခင်ဖြစ်သူ ဦးအောင်မြသည် ၂၆-၁၁-၂၀၂၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှ**
**သူငယ်ချင်းမိသားစုများ**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ သုခလမ်းနေ မောင်ဖြိုးမြင့်မိုး ၁၃/နဆန(နိုင်)၀၂၅၅၆၃ ၏ဖခင် ဦးထွန်းနိုင်(ခ)ဦးထွေးနိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးထွန်းနိုင်(ခ)ဦးထွေးနိုင်

### ပျောက်ဆုံးကြောင်း
ဧည့်သီထိုက်(ဘ)ဦးရှိန်ဝင်း ၁၄/ညတန(နိုင်)၁၈၀၃၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက သင်္ကန်းကုန်း၊ G-11 မှ မောင်ဟိန်းလင်းဖြိုး၏ဖခင်အမည်မှန်မှာ ဦးစောထွန်းနိုင် ၁၄/ငပတ(နိုင်)၂၀၆၇၅၆ ဖြစ်ပါကြောင်း။

ဦးစောထွန်းနိုင်

### ပျောက်ဆုံးကြောင်း
ဖြိုးလွင်ဦး(ဘ)ဦးသစ်လွင် ၇/အတန(နိုင်)၁၂၇၂၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ငြိမ်းငြိမ်းအေး(ဘ)ဦးမောင်ပိုက် ၇/ဝမန(နိုင်)၂၀၅၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၅၈၇၇၅၃၃

### ပျောက်ဆုံးကြောင်း
သော်ဇင်ထွန်း(ဘ)ဦးဝင်းနိုင် ၇/ကဝန(နိုင်)၂၃၈၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မျိုးသန့်အောင်(ဘ)ဦးအောင်သိန်း ၁၂/စခန(နိုင်)၀၅၁၃၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၆၃၁၇၆၇၆

### ပျောက်ဆုံးကြောင်း
စောဇာနည်မင်းထက်(ဘ)ဦးကျော်ဆွေ ၇/ကဝန(နိုင်)၁၀၃၅၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ CT Simulator (SN-75032)စက်၏ RHOST SG 164 Assembly with CPM (ROHS)နှင့် Brilliance Ghost Assembly အား ပြုပြင်လဲလှယ်ရန်အတွက် စိတ်ပါဝင်စားသည့်အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂-၁၂-၂၀၂၅ (အင်္ဂါနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် - ၁၅-၁၂-၂၀၂၅(တနင်္လာနေ့)
နေ့ရက်/အချိန် (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ လူနာဆောင်(၅+၆) အနီးရှိ Oxygen Plant (O2P 29)စက်အား ပြုပြင်ထိန်းသိမ်းရန်အတွက် စိတ်ပါဝင်စားသည့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂-၁၂-၂၀၂၅(အင်္ဂါနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် - ၁၅-၁၂-၂၀၂၅(တနင်္လာနေ့)
နေ့ရက်/အချိန် (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

### ပျောက်ဆုံးကြောင်း
စုစုအောင်(ဘ)ဦးအောင်မြင့် ၁၂/လသယ(နိုင်)၀၄၆၅၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း
ဆောင်းနှင်းဖြူ(ဘ)ဦးဇော်စိုးမင်း ၆/မမန(နိုင်)၂၆၄၂၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
နန်းအေးအေးဝေ(ဘ)ဦးထွန်းကြည် ၃/လဘန(နိုင်)၁၂၀၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 780467)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
အေးသီတာ(ဘ)ဦးအိုက်ခမ်း ၁၃/လရန(နိုင်)၂၄၁၈၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

## သစ်တောမှန်လျှင်
## အသုံးဝင်
## အစဉ်ထာဝရ
## ထိန်းသိမ်းကြ

### ပျောက်ဆုံးကြောင်း
ထန်တလန်မြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁)နေ ဗဲလ်လျှန်ဟုပ်(ဘ)ဦးဖွန်လျှန်ငှါခ်း ၄/ထတလ(နိုင်)၀၄၃၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၂၆၀၁၁၇၆

### ပျောက်ဆုံးကြောင်း
ဟိုပန်မြို့၊ ပန်းလုံကျေးရွာနေ လီရှောဆင်း(ဘ)လီရှောဝင် ၁၃/ဟပတ(နိုင်)၀၀၉၈၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## စာပေမြင့်မှ
## လူမျိုးတင့်မည်

### ပျောက်ဆုံးကြောင်း
မောင်မောင်စိုး(ဘ)ဦးမြင့်လှိုင် ၁၄/ငပတ(နိုင်)၁၈၂၉၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
စန်းစန်းဦး(ဘ)ဦးသာထွန်းအောင် ၁၂/ဥကမ(နိုင်)၁၅၃၆၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၅၀၈၇၈၅၀

### ပျောက်ဆုံးကြောင်း
အေးမြတ်သွယ်(ဘ)ဦးတင့်အောင် ၇/ဖမန(နိုင်)၁၀၁၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၅၈၃၅၀

### ပျောက်ဆုံးကြောင်း
နော်ဘွေထူး(ဘ)ဦးအယ်ဖေါ ၁၂/မဘန(နိုင်)၁၉၂၇၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၃၈၉၂၆

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ နယ်မြေ(၁၁)နေ ဦးညီညီဆွေ(ဘ)ဦးဝင်းတင့် ၉/တကန(နိုင်)၂၃၉၀၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 530760)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၂၆၄၆၇၄၅

### ပျောက်ဆုံးကြောင်း
သီတာဦး(ဘ)ဦးချစ်သန်း ၁၀/မလမ(နိုင်)၁၄၁၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၇၂၆၅၃၉

### ပျောက်ဆုံးကြောင်း
ဝင်းဇော်(ဘ)ဦးသိန်းအေး ၁၀/သထန(နိုင်)၂၂၀၉၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၀၇၈၇၀၉၀

### ပျောက်ဆုံးကြောင်း
စဇင်မင်း(ဘ)ဦးစီဖိုး ၁၄/ကပန(နိုင်)၁၆၈၀၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၂၁၃၂၁၈၇

### ပျောက်ဆုံးကြောင်း
အောင်မြ(ဘ)ဦးအုန်းသန်း ၁၂/လကန(နိုင်)၀၇၈၂၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၇၉၇၆၄၂

### ပျောက်ဆုံးကြောင်း
နေဝင်းကျော်(ဘ)ဦးတင်မြင့် ၉/မကန(နိုင်)၀၇၇၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၅၂၀၆၆၂၆

သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော



တေဇ ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် နိုဝင်ဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၃၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

မိုးသောက်ပန်း ဂျာနယ်

- မျက်နှာဖုံးတွင် ကာတွန်းစိုးပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းနေခြည်၊ ကာတွန်းလူမော်နှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မန်းတင့်မော်၊ မောင်မင်းသိမ်း(သရက်)၊ ကန့်ဘလူခင်မောင်ဆွေ၊ ရဲဘော်မြသိန်း(ဟိုပုံး)၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွှန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၂၅-၁၁-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၉)၊ အမှတ်(၄၅)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၇၃၂၄

အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ

ကလေးငယ်များအတွက်
ပညာလဲပေး ဗဟုသုတလဲရ
ဟာသလဲပါ ဉာဏ်ရည်လဲတိုးမဲ့



# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့**တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)**ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့် ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး ၂၄-၁၀-၂၀၂၅ ရက်နေ့မှစတင်၍ **၁၈-၁-၂၀၂၆** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

( ခ ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-**၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-**၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)**လက်မှတ်ပေးအပ်မည်။

( ခ ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

( ဂ ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ**အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# နိုင်ငံ့စီးပွားတိုးတက်ရေး ကုန်ထုတ်လုပ်ငန်းများမြှင့်တင်ပေး

ကိုဘုန်း(ထုတ်လုပ်)

ကုန်ထုတ်လုပ်မှုသည် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသောကဏ္ဍတစ်ခုဖြစ်သည်။ ကုန်ထုတ်လုပ်မှုဆိုသည်မှာ ကုန်ကြမ်းပစ္စည်းများကို လုပ်အားနှင့်စက်ပစ္စည်းများသုံး၍ အသုံးဝင်သောကုန်ချောများအဖြစ် ပြောင်းလဲခြင်းဖြစ်စဉ်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုသည် နိုင်ငံ၏စီးပွားရေးကျောရိုးသဖွယ်ဖြစ်ပြီး ခေတ်မီဖွံ့ဖြိုးသောနိုင်ငံအများစုသည် ခိုင်မာသောကုန်ထုတ်လုပ်မှုကဏ္ဍရှိကြသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့်လူ့စွမ်းအားအရင်းအမြစ်များ ညှိနှိုင်းတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်သည်။

ကုန်ထုတ်လုပ်မှုကဏ္ဍသည် ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP)ကို တိုက်ရိုက်မြှင့်တင်ပေးသည်။ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များပြုပြင်ခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်း စသည့်ကဏ္ဍများသည် စီးပွားရေးကိုကြီးထွားစေသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် လူအင်အားကို အများအပြားလိုအပ်ပြီး ကျေးလက်နှင့်မြို့ပြဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးကာ ဝင်ငွေမြင့်မားစေသည်။ ဤသို့ဖြင့် ပြည်သူများ၏ ဝယ်လိုအားတိုးတက်စေပြီး ဈေးကွက်ကြီးထွားလာစေသည်။ ထို့ပြင် သုတေသနနှင့်ဖွံ့ဖြိုးရေးကို မြှင့်တင်ကာ စက်ရုံများတွင် စက်ကိရိယာများ၊ အလိုအလျောက်စနစ်များ(Automation)နှင့် ဉာဏ်ရည်တုနည်းပညာ(AI)တို့ကို အသုံးပြုခြင်းဖြင့် ထုတ်လုပ်မှုစွမ်းဆောင်ရည်မြင့်တက်စေသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍခိုင်မာသောနိုင်ငံများသည် ပြည်ပသို့ကုန်ပစ္စည်းများတင်ပို့နိုင်ပြီး နိုင်ငံခြားငွေဝင်ငွေများရရှိစေသည်။ ဤသို့ဖြင့် နိုင်ငံ၏ ငွေကြေးဖလှယ်နှုန်းတည်ငြိမ်စေကာ အခြားနိုင်ငံများမှစက်ပစ္စည်းများ၊ ကုန်ကြမ်းများ ဝယ်ယူနိုင်စွမ်းမြင့်မားလာစေသည်။

ထို့ကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍကြီးထွားလာသည်နှင့်အမျှ သယ်ယူပို့ဆောင်ရေး၊ အာမခံ၊ ဘဏ်လုပ်ငန်း၊ ကုန်သွယ်ရေး စသည့်ဝန်ဆောင်မှုကဏ္ဍများလည်း ဖွံ့ဖြိုးလာသည်။ ထို့ပြင် ကုန်ကြမ်းနှင့်အကူပစ္စည်းများထောက်ပံ့ပေးသောလုပ်ငန်းငယ်များလည်း အရှိန်အဟုန်ဖြင့်ပေါ်ထွန်းနိုင်သည်။ ကုန်ထုတ်လုပ်မှုကဏ္ဍခိုင်မာသောနိုင်ငံများသည် ကမ္ဘာ့စီးပွားရေးကျပ်တည်းမှုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိသည်။ မိမိနိုင်ငံတွင် အခြေခံလိုအပ်ချက်ပစ္စည်းများ (ဥပမာ- အစားအစာ၊ ဆေးဝါး၊ စွမ်းအင်) ထုတ်လုပ်နိုင်လျှင် ပြည်ပအကူအညီများအပေါ်မှီခိုမှုလျော့နည်းကာ နိုင်ငံတော်အနေဖြင့် ပိုမိုလွတ်လပ်စွာဆောင်ရွက်နိုင်သည်။





## နိုင်ငံတော်တိုးတက်ခြင်းနှင့် ကုန်ထုတ်လုပ်မှု

ကုန်ထုတ်လုပ်မှုတိုးတက်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးတည်ငြိမ်မှု ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါသည်။ မြန်မာနိုင်ငံသည် အခြေခံအားဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင်နေထိုင်ကြသည်။ အဆိုပါလူဦးရေထဲမှ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ကျေးလက်စီးပွားရေးကိုမြှင့်တင်ပေးမှုသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကို တစ်ပါတည်းလျှော့ချနိုင်မည်ဖြစ်သည်။ အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အရင်းအမြစ်ကောင်းများကို ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ ပတ်ဝန်းကျင်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် လူဦးရေထူထပ်သောနိုင်ငံများဖြစ်ကြသည်။ အဆိုပါနိုင်ငံများသို့ ကုန်ပစ္စည်းများထုတ်လုပ်တင်ပို့ပါက နိုင်ငံအတွက် စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း ကုန်ထုတ်လုပ်ငန်းများအောင်မြင်စေရေးအတွက် လိုအပ်သည့် ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများကို အချိန်နှင့်တစ်ပြေးညီကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ့ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အရည်အသွေးမြှင့်၍ နိုင်ငံတကာဈေးကွက်သို့တင်ပို့ခြင်း၊ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများကို နည်းပညာ၊ ငွေကြေးနှင့် ဈေးကွက်ဖော်ဆောင်ပေးခြင်းတို့ကို နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့်နိုင်ငံတကာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်သူလူထုတစ်ရပ်လုံး၏ စားရေရိက္ခာဖူလုံရေးအတွက် စပါးစိုက်ပျိုးမှု၊ ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ပဲမျိုးစုံစိုက်ပျိုးမှု၊ အသား၊ ငါးထုတ်လုပ်မှုများကို နှစ်အလိုက်တိုးတက်မှုရရှိအောင်ဆောင်ရွက်ရာ နိုင်ငံတော်၏စီးပွားရေးအခြေအနေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စုစုပေါင်းရငွေကျပ် ၁၇၅၈၅ ဒသမ ၅၅ ဘီလီယံရှိရာမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းရငွေကျပ် ၃၄၅၅၃ ဒသမ ၅၀ ဘီလီယံအထိ တိုးတက်ရရှိခဲ့သည်။

### ကုန်ထုတ်လုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကိုမြှင့်တင်ခြင်းဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များအား ၁၆-၁၀-၂၀၂၅ ရက်တွင် တွေ့ဆုံအမှာစကားပြောကြားရာ၌ **“စိုက်ပျိုးရေးကဏ္ဍတွင် သာမန်အားဖြင့် ကောက်ပဲသီးနှံများသာမက စက်မှုသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စက်မှုလုပ်ငန်းများတိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံ၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ သီးနှံများပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းဆီဖူလုံမှုရှိစေရေး နေကြာစိုက်ဧကများ တိုးချဲ့ခြင်းနှင့် ကော်ဖီများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကော်ဖီစိုက်ဧကများ တိုးချဲ့ခြင်းကို ခွင့်ပြုပေးထားကြောင်း၊ ဆီနေကြာစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုစေမည်ဖြစ်ပြီး ပြည်ပမှဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတစ်ဝန်းလုံးတွင် မြေနိမ့်ကော်ဖီကိုစိုက်ပျိုးနိုင်ကြောင်း၊ စားရေးနှင့်ပတ်သက်၍ စားရေရိက္ခာများလုံလောက်စွာရရှိစေရေး မိမိတို့အနေဖြင့်အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအလိုက်အသားငါးများဖူလုံပေါများစေရေး ဆောင်ရွက်ပေးရာတွင် စိုက်ပျိုးမွေးမြူရေးဇုန်များ တည်ထောင်ဆောင်ရွက်သွားရန်လိုကြောင်း”**စသည်ဖြင့် နိုင်ငံတော်တိုးတက်ရေးအတွက် မှာကြားလမ်းညွှန်မှုပေးခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးခိုင်မာမှု၊ လူမှုရေးတည်ငြိမ်မှုနှင့် နိုင်ငံတကာတွင် ဂုဏ်သိက္ခာရှိရှိရပ်တည်နိုင်မှုသည် ခိုင်မာသောကုန်ထုတ်လုပ်မှုကဏ္ဍပေါ်တွင် အဓိကမှီတင်းနေသည်။ ကုန်ထုတ်လုပ်မှုသည် စက်မှုလယ်ယာ၏နှလုံးသားဖြစ်၍ ၎င်းသည် အလုပ်အကိုင်၊ နည်းပညာ၊ ဆန်းသစ်မှုနှင့် နိုင်ငံခြားဝင်ငွေတို့ကို မွေးထုတ်ပေးသော “စီးပွားရေးကြီးထွားမှု၏အင်ဂျင်” သဖွယ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စီမံချက်ရေးဆွဲခြင်း၊ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ခြင်း၊ နည်းပညာလွှဲပြောင်းခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့ကို စနစ်တကျဆောင်ရွက်ရန်လိုအပ်သည်။ကျွန်ုပ်တို့အားလုံး၏ ပူးပေါင်းကြိုးပမ်းမှုဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို အားပေးမြှင့်တင်လိုက်ပါက စီးပွားရေးဖွံ့ဖြိုးပြီး ပြည်သူများသာယာဝပြောသော ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်မည်မှာ မလွဲမသေမုချပင်ဖြစ်သည်။

ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်မှုကိုစတင်ရန်မှာ နိုင်ငံတော်အစိုးရ၏မူဝါဒချမှတ်မှုတစ်ခုတည်းဖြင့်မပြီးဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလယ်သမားများနှင့် လူငယ်လုပ်ကိုင်သူများအားလုံးက ပူးပေါင်းပါဝင်ရန်လိုအပ်သည်။ ထို့ကြောင့် ပြည်တွင်းထုတ်ကုန်များကို ထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ရန်ရည်မှန်းပြီးကြိုးပမ်းခြင်း စသည်တို့တွင် နိုင်ငံသားတိုင်းက ၎င်းတို့၏ကျရာအခန်းကဏ္ဍမှနေ၍ တက်ကြွစွာပါဝင်ဆောင်ရွက်ပြီး စီးပွားရေးအခြေခံခိုင်မာသော၊ စားရေရိက္ခာဖူလုံသော၊ ပြည်သူများသာယာဝပြောသော နိုင်ငံတော်သစ်တစ်ခုကို တည်ဆောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။ ။

❖ ဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းလိုပါက ရွေးကောက်ပွဲများကျင်းပချိန်တွင် ဆန္ဒမဲများပေးကြရန်လို . . .

❖ ထိုသို့ဆန္ဒမဲပေးရာတွင်လည်း ဒေသနှင့်နိုင်ငံအတွက် အမှန်တကယ်အကျိုးပြုနိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ဆောင်ရွက်ကြရန်လို . . .

( နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၁၈ ရက်နေ့တွင် မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး ( MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကျင်းပပြုလုပ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် သမ္မတအိမ်တော်၊ သံတမန်ဆောင်ဧည့်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ စာမျက်နှာ ၁၁ ကော်လံ ၁ ❍

ယခုအဆွေတော်၏ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)၊ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာသဘောတူစာချုပ်အပါအဝင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးသွားမည်ဖြစ်သည့်အတွက် များစွာဝမ်းမြောက်မိ၊ မိမိတို့နှစ်နိုင်ငံသည် တည်နေရာအနေအထားအရ အလှမ်းဝေးကွာသော်လည်း သံတမန်ဆက်ဆံရေးနှင့် စစ်ဘက်သံတမန်ဆက်ဆံရေးနှစ်မျိုးလုံးရှိသောနိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှုအပြည့်အဝရှိသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ် . . .

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

မိမိနှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နွေးထွေးစွာဖြင့် ကြိုဆိုသည့်အတွက် လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိ၊ မိမိတို့အနေဖြင့် ယနေ့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)ကို လက်မှတ်ရေးထိုးသွားမည်ဖြစ်၊ အဆိုပါလမ်းပြမြေပုံအတိုင်းဆောင်ရွက်သွားမည်ဆိုပါက နှစ်နိုင်ငံစီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအောင်မြင်နိုင်မည်ဖြစ်၊ နှစ်နိုင်ငံစက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၊ ယနေ့တွေ့ဆုံဆွေးနွေးမှုမှရရှိလာသည့်အကြောင်းအရာများအားလုံး အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ် . .

**ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko**